# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

## တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅,၆၇၄ ပင်ကို စိုက်ပျိုးပေးနိုင်ခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၇

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





# စာတတ်မြောက်ရေး လှုပ်ရှားမှု အရှိန်မြှင့်တင် စဉ်ဆက်မပြတ်ဆောင်ရွက်

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်ကို) ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံကို အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ညီလာခံစတင်ကျင်းပခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့" အဖြစ် ယူနက်စ်ကိုက သတ်မှတ်ပြဋ္ဌာန်းခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိကြသည်။

စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်း၏ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့အတွက် အရေးကြီးသလို လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အရေးပါသည်။ စာတတ်မြောက်ရေးအစီအစဉ်များသည် ကမ္ဘာတစ်ဝန်း၌ ပုံမှန်တိုးတက်ဖြစ်ထွန်းလျက်ရှိနေသည့်တိုင် ၂၀၂၀ ပြည့်နှစ် စာရင်းဇယားများအရ ကမ္ဘာတစ်ခွင်၌ အခြေခံစာရေးစာဖတ်မတတ်မြောက်သူ လူငယ်၊ လူကြီးဦးရေမှာ ၇၆၃ သန်းထက်မနည်း ရှိနေသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့ခြင်းအပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် ဒေသမတည်ငြိမ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများကဲ့သို့သော အကျပ်အတည်းများက စာမတတ်သူပပျောက်ရေးဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေလျက်ရှိသည်။

မိမိတို့နိုင်ငံတွင်လည်း ကျောင်းပြင်ပရောက် ကလေးသူငယ်များ များပြားနေခြင်း၊ စာမတတ်သူဦးရေ များပြားနေခြင်းဟူသော အခြေအနေနှစ်ရပ် ဖြစ်ပေါ်လျက်ရှိရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုအဖြစ် ရှုမြင်၍ အလေးအနက်ထား ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ ပြီးဆုံးအောင် မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်းရှိသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် စာမတတ်သူပပျောက်ရေး (အ သုံးလုံး) လှုပ်ရှားမှုစီမံကိန်း အောင်မြင်မှုဖြင့် ကမ္ဘာကျော်ခဲ့သော နိုင်ငံဖြစ်သည်။

ထိုစဉ်က စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုဆောင်ရွက်ရာတွင် အောက်ခြေရပ်ကွက် ကျေးရွာမှသည် မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်အထိ စာတတ်မြောက်ရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းကာ နွေကျောင်းပိတ်ရက်ကာလများအတွင်း တက္ကသိုလ်ကျောင်းသူ ကျောင်းသား စေတနာရှင် လုပ်အားပေးဆရာ၊ ဆရာမများ၏အားဖြင့် သင်ကြားပေးခဲ့ကြရာ မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ကြပြီး အောင်ပွဲများကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ လူထုလှုပ်ရှားမှုပုံစံသည် စာတတ်မြောက်ရေးစီမံကိန်းများ၏ စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့ပြီး ယူနက်စ်ကိုက ချီးမြှင့်သည့် "မိုဟာမက်ရီဇာပါလာဗီ" ဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ "နိုမာ" ဆုကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည်မှာ လာမည့်နှစ်ဆိုလျှင် နှစ်ပေါင်း ၆၀ ပြည့်ပြီဖြစ်သည်။ စာတတ်မြောက်ရေး စီမံကိန်းများကြောင့် သန်းနှင့်ချီသော ပြည်သူများ အခြေခံစာရေး၊ စာဖတ် တတ်မြောက်ခွင့်ရခဲ့ကြသည်။ သို့ရာတွင် စာမတတ်သူများ သန်းနှင့်ချီ၍ ရှိနေသည်မှာလည်း ပကတိအရှိတရားပင်ဖြစ်နေရာ သက်ကြီးစာတတ်မြောက်ရေး လူထုလှုပ်ရှားမှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည့်အပြင် တစ်ဖက်တွင်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ တန်းစဉ်မှန်မှန် ကူးပြောင်းရေးနှင့် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်ဖြစ်သော လူတိုင်း အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်ရေးတို့ကို စဉ်ဆက်မပြတ် အနာဂတ်ကာလများသို့တိုင် သန္နိဋ္ဌာန်ခိုင်ခိုင်ချမှတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကာကွယ်ရေးဝန်ကြီးဌာန၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသ၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး အရာထမ်း၊ အမှုထမ်း ၁၆၀ က မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ရွေးကောက်ပွဲများတွင် ခေတ်နှင့်လျော်ညီစွာ နည်းပညာအကူအညီရယူ၍ Myanmar Electronic Voting Machine (MEVM) စက်များအား ပြည်တွင်းနည်းပညာရှင်များဖြင့် မြန်မာနိုင်ငံအခြေအနေနှင့်ကိုက်ညီမှုရှိစွာ ဖန်တီးဆောင်ရွက်ထားရှိမှုသည် အဆင့်အတန်းပြည့်မီသော ရွေးကောက်ပွဲများ ဖော်ဆောင်နိုင်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးစက် အသုံးပြုမဲပေးနိုင်သည့်အတွက် မဲလက်မှတ်ရိုက်နှိပ်မှုကုန်ကျစရိတ်၊ မဲရုံသုံးပစ္စည်းဝယ်ယူမှုကုန်ကျစရိတ် စသည့် သမားရိုးကျစရိတ်များအား လျှော့ချနိုင်ခြင်း၊ ယခင်အခြေအနေတွင် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်နိုင်သည့် ပယ်မဲများ မရှိနိုင်တော့သည့်အတွက် မဲဆန္ဒရှင်တို့၏ ဆန္ဒမဲများ အဟောသိကံဖြစ်မှု မရှိနိုင်တော့ခြင်း၊ မဲရလဒ်များကို အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ မဲလက်မှတ်များ ဖောင်းပွစွာ ရိုက်နှိပ်မှုကဲ့သို့သော မဲမသမာမှုများ မရှိနိုင်တော့ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မဲပေးရာတွင်လည်း မဲဆန္ဒရှင်များအနေဖြင့် မိမိတို့မဲပေးရွေးချယ်ခဲ့သည့် ပါတီ/ ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲဖြတ်ပိုင်းတွင် မျက်မြင်တွေ့ရှိပြီးမှ မဲပုံးအတွင်းသို့ ရောက်ရှိသွားသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် မဲပေးနိုင်သည့်အပြင် မဲရလဒ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါကလည်း မဲရလဒ်များ ဖော်ပြသည့်ဖြတ်ပိုင်းအား မဲဆန္ဒရှင်များ ဆန္ဒပြုခဲ့သည့် ဆန္ဒမဲဖြတ်ပိုင်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထိုကဲ့သို့သော ရည်ရွယ်ချက်ကောင်း၊ အကျိုးကျေးဇူးကောင်းများစွာဖြင့် တီထွင်ဆောင်ရွက်ထားသော MEVM စက်ကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ သွားရောက်၍ သရုပ်ပြ ရှင်းလင်းဆွေးနွေးခြင်းများကို မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခု၌ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၆၄၇၄ ဦးတို့မှ လက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဆောင်ရွက်ရာတွင်လည်း စက်နှင့်ပတ်သက်၍ ချွတ်ယွင်းချက် တစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခြင်းမျိုးမရှိသည့်အပြင် အချိန်တိုအတွင်း အခက်အခဲမရှိ ရိုးရှင်းလွယ်ကူစွာဖြင့် စမ်းသပ်မဲပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများ၏ လက်တွေ့မဲပေးမှု အတွေ့အကြုံများမှတစ်ဆင့် အကြံပြုဆွေးနွေးချက်များရှိပါကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်း အကြံပြုချက်များအပေါ် သုံးသပ်၍ ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ လူငယ်သီတင်းပတ် (Youth Week) အတွက် "လူငယ်နှင့်ကာယအလှ" အစီအစဉ်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

လူငယ်သီတင်းပတ် (Youth Week) အတွက် "လူငယ်နှင့်ကာယအလှ"အစီအစဉ်ကို ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒု–ပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ မော်ကွန်းထိန်း၊ အဆောင်မှူးများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။ အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကာယဗလ၊



ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စသည့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် University Ethos ကို ခံစားရပြီး တက္ကသိုလ်ဘဝ အမှတ်တရများမှတစ်ဆင့် မိမိကိုယ်ကိုတန်ဖိုးထားပြီး ကောင်းမွန်သည့် အလေ့အကျင့်များကိုရရှိပြီး ကျန်းမာပျော်ရွှင်ပြီး စွမ်းရည်ထက်မြက်သော အနာဂတ်လူသားအရင်းအမြစ်များဖြစ်လာစေရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ ကျောင်းသား ကျောင်းသူများက ကိုယ်ကာယကြံ့ခိုင်မှုအကများဖြင့် ကပြတင်ဆက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ယနေ့တွင် ၂၀၂၃ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

## သစ်ပင်သစ်တောများကို စနစ်တကျ ပြန်လည် စိုက်ပျိုးထိန်းသိမ်းမှသာလျှင် သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းကို ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်မည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ သစ်ပင်စိုက်ပွဲတွင် အားလုံးပျော်ရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ယခုအခါ သစ်ပင်သစ်တောများ ပြုန်းတီးမှုကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်း ပိုမိုပူနွေးလာသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာသည့်အတွက် မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးများကို မိမိတို့လူသားများအနေဖြင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည်ကို တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် အခြားသောသက်ရှိများဖြစ်သည့် တောတွင်းတိရစ္ဆာန်များသည်လည်း တဖြည်းဖြည်း မျိုးသုဉ်းလျော့ပါးလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းသည် သက်ရှိများနှင့် သဘာဝတရား၏ ဂေဟစနစ်များ တစ်စတစ်စ ကွာဟလာသည့် ဆိုးရွားမှုများ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်၊ သက်ရှိများ၏ ဂေဟစနစ်နှင့် လူနေမှုစနစ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှု ရှိကြောင်း၊ သစ်တော သစ်ပင်များကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသကဲ့သို့ ပြန်လည်စိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်**ကြောင်း၊ **စနစ်တကျထုတ်ယူသုံးစွဲမှုမရှိဘဲ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများကို ကြုံတွေ့ရခြင်းဖြစ်ပြီး ယခင်နေပြည်တော်ဒေသ၏ ရာသီဥတုသည် ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှအပူချိန် ၂၆ ဒသမ ၉၇ ဒီဂရီစင်တီဂရိတ်ခန့်သာရှိခဲ့ရာ ယခုအချိန်တွင် ပျမ်းမျှအပူချိန် ၂၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာသည်ကို တွေ့ရှိရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာကြီး ပူနွေးလာသည်နှင့်အမျှ မြေအောက်ရေခန်းခြောက်ခြင်း၊ မြစ်များ ကျဉ်းမြောင်းတိမ်ကောခြင်း၊ ချောင်း၊ မြောင်းများ ခန်းခြောက်ခြင်းများဖြစ်လာပြီး သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရေး ရေအခက်အခဲများ ရှိလာသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျော့ချရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် စနစ်တကျဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်ခြင်းသည် လူသားဆန်ပြီး အင်မတန်မွန်မြတ်သည့် လုပ်ဆောင်ချက်ဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကိုကြည့်မည်ဆိုပါက သက်ရှိလူသားတစ်ယောက်အတွက် ပကတိအားဖြင့် ပြီးပြည့်စုံသည့် လိုတရပဒေသာပင်ပေါက်ရာရပ်ဝန်းတစ်ခုဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏တည်ရှိနေပုံကိုကြည့်ပါက နိုင်ငံ၏ အနောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် မြင့်မားသည့် တောင်တန်းကြီးများရှိသကဲ့သို့ ယင်းတောင်တန်းများအပေါ်တွင် သစ်တောသစ်ပင်များ များစွာ ပေါက်ရောက်နေရာယူထားကြကြောင်း၊ ထို့အပြင် အနောက်ရိုးမတောင်တန်းကြီးနှင့် အရှေ့ရိုးမတို့ကြားတွင် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်တို့နှင့်ယှဉ်ပြီး ပုံတောင် ပုံညာရိုး၊ အလယ်ရိုးမ(မင်းဝံတောင်ရိုး)နှင့် ရှမ်းကုန်းပြင်မြင့်တို့ရှိပြီး ယင်းတောင်ရိုး တောင်တန်းများတွင်လည်း သစ်တောကြီးများဖြင့် ဖုံးအုပ်လျက်ရှိကြောင်း၊ အဆိုပါ သစ်တောများကို စနစ်တကျ အသုံးပြုနိုင်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

## သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးနှင့် မိမိတို့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အမျိုးသားရေး ကိစ္စရပ်အနေဖြင့် ဆောင်ရွက်ကြရန်လို

သစ်တောထူထပ်ပြီး အဖိုးတန်သစ်တောများရှိသည့် မိမိတို့နိုင်ငံကို နယ်ချဲ့များက မတရားကျူးကျော်မှုများ ပြုလုပ်ခဲ့ကြပြီး အတိုင်းအဆမရှိ သစ်တောများကို ခုတ်လှဲယူခဲ့ကြသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံဝင်ငွေရရှိရေးအတွက် သစ်များထုတ်ယူရောင်းချခဲ့သဖြင့်

*စာမျက်နှာ ၄ သို့*

**❖ သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထများသည် လူသားဆန်ပြီး ဖြူစင်မွန်မြတ်သည့် အလုပ်မျိုးဖြစ်သည့်အတွက် အလေးအနက်ထား လုပ်ဆောင်သွားကြရန်၊ စတင်စိုက်ပျိုးပြီးချိန်မှစ၍ အောင်မြင်ဖြစ်ထွန်းသည့် အချိန်အထိ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက်ဆောင်ရွက်သည့် စနစ်တစ်ရပ်အဖြစ် လုပ်ဆောင်**

*စာမျက်နှာ ၃ မှ*

သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းသည် ၄၂ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ **သယံဇာတဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည်ရှိသကဲ့သို့ ပြန်လည်ဖြည့်တင်း၍ မရသည့် သယံဇာတများလည်းရှိကြောင်း၊ သစ်ပင်သစ်တောဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးစေနိုင်သည့် စွမ်းပကားများရှိသကဲ့သို့ လူသားများ၏ လုပ်ဆောင်ဖန်တီးမှုများဖြင့်လည်း ပြန်လည်ဖြည့်တင်းပေးနိုင်သည့်အရာဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် သစ်တောသစ်ပင်များ ပြန်လည်ထူထောင်ဖြည့်တင်းခြင်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်မှုမရှိပါက သဘာဝတရား၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် **သစ်တောများနှင့်နီးကပ်နေသည့် ကျေးလက်ဒေသများတွင် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရေးနှင့် မြို့ပြများတွင် နေထိုင်ကြသူများအနေဖြင့်လည်း မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိစေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လွှမ်းခြုံဆောင်ရွက်သင့်သည်ကို** ပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် တပ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီသီးနှံများကို စိုက်ပျိုးသကဲ့သို့ နှစ်ရှည်စားသုံးပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး စားရေးအတွက် အထောက်အကူဖြစ်သကဲ့သို့ ရရှိလာသည့် အရိပ်အာဝါသများကြောင့် အကျိုးခံစားရမှုများလည်း ရှိကြောင်း၊ **"သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်" ဟူသည့် စကားအတိုင်း ကုသိုလ်လည်း ရရှိမည်ဖြစ်ပြီး မိမိပတ်ဝန်းကျင်အတွက်လည်း အကောင်းဆုံး အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်မည်ကို တွက်ဆဆောင်ရွက်ကြရန်လို**ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ရေး၊ မိမိတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အတတ်နိုင်ဆုံး ပါဝင်ကုသိုလ်ယူဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်မှစပြီး သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၃ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်ပေါင်း ၁၉၀,၄၇၃ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်မှုအနေဖြင့် ၁၀၉,၈၈၅ ပင် ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရှိရသည့်အတွက် ၅၅ ရာခိုင်နှုန်းခန့်သာ ရှင်သန်ဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **သစ်ပင်စိုက်ပျိုးပွဲများကို အချိန်နှင့် လူအင်အားအသုံးပြု၍ ဆောင်ရွက်ရသည့်နည်းတူ အကျိုးရှိရှိ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေး စိုက်ပျိုးကြသည့်သူများက ရှင်သန်မှုရှိအောင် စိုက်ပျိုးကြရန် လိုသကဲ့သို့ ထိန်းသိမ်းရန် တာဝန်ရှိသူများအနေဖြင့်လည်း ရာနှုန်းပြည့်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်မှာကြားလို**ကြောင်း၊ ယနေ့ပြုလုပ်သည့် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မန်ကျည်းနှင့် ပိတောက်ပင် စုစုပေါင်း ၃,၅၂၈ ပင်ကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး အားလုံးရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ယနေ့ကမ္ဘာကြီးပူနွေးလာခြင်းကို ပြန်လည်ကုစားရန်အတွက် လူသားတစ်ယောက်၏ တာဝန်အဖြစ်ခံယူပြီး သစ်ပင်စိုက်ပျိုးကြရန်၊ **သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထများသည် လူသားဆန်ပြီး ဖြူစင်မွန်မြတ်သည့် အလုပ်မျိုးဖြစ်သည့်အတွက် အလေးအနက်ထား လုပ်ဆောင်သွားကြရန်၊ စတင်စိုက်ပျိုးပြီးချိန်မှစ၍ အောင်မြင်ဖြစ်ထွန်းသည့်အချိန်အထိ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက် ဆောင်ရွက်သည့် စနစ်တစ်ရပ်အဖြစ် လုပ်ဆောင်သွားကြရန်၊** သစ်ပင်စိုက်ပျိုးခြင်းသည် ပစ္စုပ္ပန်တွင်သာ အကျိုးဖြစ်စေရုံသာမက သံသရာအတွက် အထောက်အပံ့ကောင်းတစ်ရပ်လည်း ဖြစ်သည်ကို ခံယူဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသည့် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၄,၀၀၁ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃,၅၂၈ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် (၃၉) ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၄,၀၀၁ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

## တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅,၆၇၄ ပင်ကို စုပေါင်း စိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇,၃၈၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅,၂၅၅ ပင်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌ ၂၀,၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉,၅၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၃,၆၁၈ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄,၆၁၃ ပင်၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်၌ ၅,၄၄၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃,၅၂၉ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၉,၀၈၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃,၂၃၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀,၉၆၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉,၁၁၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀,၂၀၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀,၀၅၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅,၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၄ ဒသမ ၃၄ လက်မ၊ မြင်းခြံမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ ရွှေကူမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ရမ်းဗြဲမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် ၂ ဒသမ ၀၂ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၉၈ လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ဘူးသီးတောင်မြို့နယ်၌ ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘူးသီးတောင် စက်တင်ဘာ ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၆ ရက် ညနေပိုင်းက ဂန္ဓမာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် ကော်မတီဝင်များ တွေ့ဆုံခြင်းနှင့် ဆောင်ရွက်မည့် မြေနေရာများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်၊ ဦးစီးအရာရှိ (နည်းပညာ) ဦးတင်နိုင်ထူးနှင့် စီမံကိန်းတာဝန်ခံများက တင်ဒါအောင်မြင်သော ကုမ္ပဏီ၊ ကျေးရွာကော်မတီ၊ ရပ်မိရပ်ဖ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် တာဝန်ရှိသူများသည် ဂန္ဓမာကျေးရွာအတွင်းဆောင်ရွက်မည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းမည့်မြေနေရာအားတိုင်းတာခြင်းနှင့်Box Culvert တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ ကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၇**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမားအစရှိသောကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်သွားရေးနှင့် လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အထူးသဖြင့် အာဆီယံ-အာရပ်ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂ မူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ရောဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဘိုကလေးမြို့ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေး၊ စုပေါင်းတန်းစီကွင်းနှင့် ဘော်လီဘော/ ပိုက်ကျော်ခြင်း အားကစားကွင်းများ ထပ်မံဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့် ဖြည့်စွက်စာများ ကျွေးမွေးနိုင်ရေးအတွက် လှူဒါန်းငွေများ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဘိုကလေး) သို့ ရောက်ရှိပြီး ကျောင်းအုပ်နှင့် နည်းပြများ၊ ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်မှ အခမဲ့ ပညာသင်ကြားရေးနှင့် နေထိုင် စားသောက်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးနေမှုအပေါ် ကျေးဇူးသစ္စာ စောင့်သိရှိသေကာ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ အလေးထား သင်ယူသွားကြရန် တိုက်တွန်းမှာကြားခဲ့ပြီး **(အပေါ်ပုံ)** ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ကျောင်းဝင်းအတွင်းရှိ စားရိပ်သာ၊ အိပ်ဆောင်၊ ရာသီသီးနှံ စိုက်ပျိုးထားရှိမှု၊ စာကြည့်တိုက်၊ စတိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး စားရိပ်သာ၌ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ရှိ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဘောလုံးအားကစားကွင်းကို ကြည့်ရှုစစ်ဆေး၍ ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေးနှင့် စုပေါင်းတန်းစီကွင်း ပြုလုပ်ပေးနိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(မအူပင်) သို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သို့ ရောက်ရှိပြီး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ပြီး အိပ်ဆောင်များ၊ စားရိပ်သာ၊ စာကြည့်တိုက်၊ ပျိုးဥယျာဉ်၊ ငွေနှင်းမှို စိုက်ပျိုးထားရှိမှု၊ ဆောင်ရွက်ဆဲ လေးထပ်အင်ဂျင်နီယာ စာသင်ဆောင်၊ အားကစားကွင်း အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကိုတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အခြေခံပညာဦးစီးဌာနက ဦးစီးကျင်းပသော ခရိုင်အဆင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် တွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာ ၆ ရက်တွင် ဖျာပုံမြို့ အထက-၂ ကျောင်း ရတနာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးမြင့်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းပြောကြားစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေး

**မော်လမြိုင် စက်တင်ဘာ ၇**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းနှင့် ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးမြင့်နိုင်က တည်ဆဲအခွန်ဥပဒေများနှင့်အညီ လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းနှင့် ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှုလုပ်ငန်းများ အပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို အသိပေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းရှင်များက မရှင်းလင်းသည့် အချက်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အသိပညာပေး ဆွေးနွေးပွဲတွင် လုပ်ငန်းရှင် ၁၀၅ ဦးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရမ်းဗြဲမြို့နယ်၌ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရမ်းဗြဲ စက်တင်ဘာ ၇**
ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကျောက်ဖြူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ကျော်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)ဦးဆောင်သည့် (QC)အဖွဲ့၊ ဦးစီးအရာရှိ (မြို့ပြ) ရမ်းဗြဲမြို့နယ်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများသည် နားမူးတွေ-ငစမိ-ရှောက်ချောင်းလမ်း၊ စကုကျွန်းပတ်လမ်း၊ ရှောက်ချောင်း-မီးကျောင်းတက်လမ်းဆုံမှ အချိန်ပြင်ကျေးရွာအဝင်လမ်း၊ သင်ပန်းချိန်-တောကြား-ဆေးသမား-သစ်ပုတ်ချိန်လမ်း၊ ဆေးသမားတံတား နှင့် ကံ့ကော်တံတား စသည့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ရမ်းဗြဲ(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူထုတွေ့ဆုံပွဲတက်ရောက်

## ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

**မြစ်ကြီးနား စက်တင်ဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။ **(ယာပုံ)**



**ပူးပေါင်းဆောင်ရွက်ရန်လို**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ရေးဆွဲချမှတ်ပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ တည်ငြိမ်အေးချမ်းမှု ရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးကို အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ မိမိတို့ပြည်သူတစ်ရပ်လုံးက အတူတကွ ဝိုင်းဝန်းပူးပေါင်းကြိုးစား ဆောင်ရွက်ကြရန်လိုပါကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးအမှုအဖွဲ့များ၊ အရပ်ဘက်လူမှုကူညီရေး အသင်းအဖွဲ့များက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ရှိသည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များ၊ ရပ်ကွက်/ ကျေးရွာချင်းဆက် လမ်းများ ကောင်းမွန်ရေး၊ ရပ်ကွက် ဈေးများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ မနောကွင်းဧရိယာ သန့်ရှင်းသာယာ လှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေ သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသ၏လိုအပ်ချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားတက္ကသိုလ်၌ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ နည်းပြဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်းက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်သန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သင်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ယနေ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကမြှင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ ဆရာ၊ ဆရာမများအနေဖြင့်လည်း ပညာရည်ပြည့်ဝသော လူငယ်များဖြစ်လာစေရုံသာမက ၎င်းတို့၏ဘဝတစ်လျှောက်လုံးတွင် အမှန်နှင့်အမှားကို ကျိုးကြောင်းမှန်ကန်စွာ စဉ်းစားဆင်ခြင်မှု အားကောင်းသည့် လူငယ်များဖြစ်လာစေရန် လေ့ကျင့်မွေးထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သော၊ ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များစွာ ပေါ်ထွန်းလာရေးကို နိုင်ငံ့အနာဂတ်အတွက် မျှော်မှန်းချက်ထားပြီး အလေးထား တိုက်တွန်းလုပ်ဆောင် သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခများ၊ ပါမောက္ခဌာနမှူးများက တက္ကသိုလ်နှင့် ဘာသာရပ်ဆိုင်ရာအလိုက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**မိတ်ဆုံစားပွဲတက်ရောက်**

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားတက္ကသိုလ် လူငယ်သီတင်းပတ် (Youth Fair Week) ဗလငါးတန်ဖွံ့ဖြိုးရေး လှုပ်ရှားမှုများ (လူငယ်နှင့်မိတ္တဗလ) အစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပြုလုပ်သည့် မောင်နှမဆောင်များ မိတ်ဆုံစားပွဲအခမ်းအနားသို့တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကား ပြောကြားကာ ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားတေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ မိတ်ဆုံစားပွဲကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအစည်းအဝေး (၃/၂၀၂၃)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းစီမံချက် ဒုတိယသက်တမ်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဒုတိယသက်တမ်းကာလအတွင်း စီမံချက်လုပ်ငန်းစဉ်များကို ဒေသအဆင့် အမျိုးသမီးကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ထည့်သွင်းဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌများထံသို့ အကြောင်းကြားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများကို ဆောင်ရွက်နေပါကြောင်း၊ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ၏ ၂၀၂၂ ခုနှစ်၊ အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဖော်ပြချက်များအပေါ် အမျိုးသားအဆင့်ကော်မတီက ယခုနှစ်ဇူလိုင် ၂၅ ရက်တွင် တုံ့ပြန်ချက် ထုတ်ပြန်ခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြည်သူများ လွယ်လင့်တကူ လက်လှမ်းမီသိရှိရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အသိပညာပေးလက်ကမ်းစာစောင်ပြုစုထားရှိပြီး ဖြန့်ဝေရေး စီစဉ်လျက်ရှိပါကြောင်းနှင့် ပထမ ခြောက်လပတ် အစီရင်ခံစာကို ရေးသားပြုစုလျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ဒုတိယသက်တမ်း၏ ပထမ(၆)လပတ် အစီရင်ခံစာအတည်ပြုရေးနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် တတိယအကြိမ်သက်တမ်းတိုးရေးကိစ္စများကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၃)၏ ဆုံးဖြတ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) အကောင်အထည်ဖော်မှုအပေါ် သုံးသပ်ချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက ပထမ (၆) လပတ် အစီရင်ခံစာ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးအတည်ပြုခြင်းနှင့် စီမံချက်ကာလတတိယသက်တမ်းတိုးရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးတိုးတက်အောင်၊ ကုန်ဈေးနှုန်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ မိသားစု၊ မိမိဒေသ၊ မိမိတိုင်းဒေသကြီး၊ ပြည်နယ်၊ မိမိနိုင်ငံ ပိုမိုကောင်းမွန်အောင် အဆင့်ဆင့်ကြိုးစားဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၇

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား မိသားစုပုံစံဖြင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ယခုပြသခဲ့သည့် ဗီဒီယိုကလစ်တွင် နိုင်ငံတော်အစိုးရ၏ နှစ်နှစ်ခွဲကာလ နိုင်ငံ့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှုပုံရိပ်များကို အတိုချုံး၍ ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုအထဲတွင် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များလည်း တစ်စိတ်တစ်ပိုင်းပါဝင်ပြီး ထို့အတွက်လည်း ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ စုပေါင်းစွမ်းအားဖြင့် အားလုံးပူးပေါင်းပြီး နှစ်နှစ်ခွဲကာလ ဆောင်ရွက်ခဲ့မှုများဖြစ်ပါကြောင်း။

မကြာမီက တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်အပါအဝင် ကဏ္ဍအားလုံးတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပုဂ္ဂလိက အဖွဲ့အစည်းများ စသည်ဖြင့် အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ရင်ဆိုင်ကျော်လွှားနိုင်မှုကို မီဒီယာပေါင်းစုံမှတစ်ဆင့် ပြည်သူများထံ အသိပေးခြင်းဖြင့် ပြည်သူများအတွက် စိတ်ခွန်အားအသစ်များ ရရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့ အားလုံး၏ စေတနာ၊ မေတ္တာနှင့် ရိုးသားမှုတို့ဖြင့် အခက်အခဲမှန်သမျှကိုရင်ဆိုင်ကျော်လွှားနိုင်ကြမည် ဖြစ်ပါကြောင်း။

### ကြိုးစားဆောင်ရွက်

ယနေ့ခေတ်သည် မီဒီယာခေတ်ဖြစ်သည့်အတွက် ကမ္ဘာတစ်လွှား ဘယ်နေရာတွင် ဘာဖြစ်နေသည်ကို ချက်ချင်းသိနိုင်ကြပါကြောင်း၊ နိုင်ငံတော်တွင် လတ်တလောဖြစ်ပွားနေမှုများမှာ အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံးသည် မိမိတို့၏အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်ကြကြောင်း၊ မိမိတို့၏ အကျိုးစီးပွားနှင့်ယှဉ်၍ နိုင်ငံအချို့ကို လိုတစ်မျိုး မလိုတစ်မျိုး ဆက်ဆံကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးတိုးတက်အောင်၊ ကုန်ဈေးနှုန်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့မိသားစု၊ မိမိဒေသ၊ မိမိ တိုင်းဒေသကြီး ပြည်နယ်၊ မိမိနိုင်ငံ ပိုမိုကောင်းမွန်အောင်အဆင့်ဆင့်ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ဌာနသတင်းများ မသက်ဆိုင်သူများထံ ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ဖြစ်လာစေရန်တို့အပါအဝင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့မအား ညမနား ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ထမ်းများ၏ တက်ကြွရှင်သန်စွာ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် အားရကျေနပ်ပြီး လွန်စွာ အလေးထားပါကြောင်း။

ဖေ့စ်ဘွတ်နှင့် ပတ်သက်၍ တစ်ဖက်သတ် ဘက်လိုက်ဆောင်ရွက်မှုများကို သိရှိပြီး သတိပြုသုံးစွဲကြရန် လိုအပ်ပါကြောင်း၊ အများစုသော သတင်းများမှာ အဆိပ်အတောက် ဖြစ်စေသည့် မမှန်မကန အကျိုးမရှိသည့်သတင်းများ၊ သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများဖြစ်နေသည်ကို သိရှိထားရန် လိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ မိမိကိုယ်ရည်ကိုယ်သွေး၊ ဌာန၏ အရည်အသွေး တိုးတက်အောင် လေ့လာမှတ်သား သင်ယူကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ မူဝါဒများနှင့် လုပ်ငန်းများ အချိန်မီပြီးမြောက်အောင်မြင်အောင် စွမ်းဆောင်ရမည့်အချက်များကို အကြံပြုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

သတင်းစဉ်

---

* ကျောက်ဖုံးမှ

ဇော်ဂျီမြစ်ပေါ်တွင် ဇော်ဂျီနှင့် မြို့ကြီးတမံ နှစ်ခုကို တည်ဆောက်ထားပြီး ဇော်ဂျီမြစ်၏ စီးဝင်ရေများကို ထိန်းသိမ်းသိုလှောင်ထားလျက်ရှိသည့်အပြင် ဇော်ဂျီတမံ၏အထက်ဘက်တွင် ထပ်မံ၍ ကျိုင်းခမ်းရေလှောင်တမံကို တည်ဆောက်နေပြီး ယခုတည်ဆောက်ဆဲကာလတွင် ရေလွှဲမြောင်းဖြင့် ဇော်ဂျီရေလှောင်တမံအတွင်းသို့ ရေကူးဖြည့်သွင်းပေးလျက်ရှိကြောင်း သိရသည်။ ဇော်ဂျီနှင့် မြို့ကြီးတမံ နှစ်ခုမှ ရေအားလျှပ်စစ်ထုတ်လုပ်ရေး ထုတ်လွှတ်လိုက်သည့် ရေများကို အောက်ဘက်ရှိ မြို့ကြီး၊ နောင်ခမ်းငပြောင်၊ သင်းတွဲ၊ မင်းရဲ၊ စီးတော၊ ဇော်ဂျီ စသည့် ရေလွှဲဆည်များဖြင့် အဆင့်ဆင့်ထိန်းညှိသိုလှောင်ကာ ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ် ဇော်ဂျီဆည်ရေသောက်ဧရိယာအပြင် မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားလက်ယာမြောင်း ရေသောက်ဧရိယာသို့လည်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

### ရေလုံလောက်ပြည့်ဝစွာ ပေးဝေနိုင်မည်

ယခု မိုးသီးနှံရာသီတွင် ဇော်ဂျီရေသောက်ဧရိယာအတွင်း၌ မိုးစပါး ၆၂၃၃၉ ဧက၊ မိုးအခြား သီးနှံ ၆၆၄၁ ဧက၊ ကင်းတားလက်ယာ ရေသောက်ဧရိယာအတွင်း၌ မိုးစပါး ၃၀၆၆၄ ဧက၊ မိုးအခြား သီးနှံ ၇၅၀၆ ဧက စုစုပေါင်း မိုးစပါး ၉၃၀၀၃ ဧက၊ မိုးအခြား သီးနှံ ၁၄၁၄၇ ဧကကို လျာထားစိုက်ပျိုးလျက်ရှိပြီး ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်မှ စတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကာ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း၊ ယနေ့ထိ မိုးစပါး ၈၉၈၄၁ ဧက၊ မိုးအခြားသီးနှံဧက ၇၇၄၀ ကို စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရသည်။ ဇော်ဂျီနှင့် မြို့ကြီးတမံ နှစ်ခုပေါင်းတွင် လက်ရှိရေပမာဏ ဧကပေ ၅၄၀၀၀၀ ခန့် သိုလှောင်ထားနိုင်သည့်အတွက် ယခုလျာထားစိုက်ပျိုးထားပြီးဖြစ်သည့် မိုးသီးနှံများကို အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးရေလုံလောက်ပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်သည်။

မိုးသီးနှံ စိုက်ပျိုးရေပေးဝေပြီးချိန်ဖြစ်သည့် နိုဝင်ဘာလကုန်အထိ ထပ်မံဝင်ရောက်လာနိုင်သည့် စီးဝင်ရေပမာဏနှင့် သုံးစွဲမည့် ပမာဏ၊ လက်ကျန်ရေပမာဏများအပေါ်တွင် အခြေခံ၍ နွေရာသီအတွက်လိုအပ်သော ဒေသသောက်သုံးရေနှင့် လာမည့်နှစ်မိုးစပါးပျိုးထောင်ရေ လိုအပ်ချက်များကို အဓိကထား၍ လျာထားချန်လှပ်ပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများကို ဆက်လက်ပေးဝေနိုင်ရန် ဌာနမှ စနစ်တကျ တွက်ချက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အကျိုးအမြတ် ပိုမိုရရှိ

အယ်လ်နီညိုကဲ့သို့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုနည်းပါးကာ တမံများအတွင်း ရေဝင်ရောက်မှုလျော့နည်းလာခြင်း၊ အပူချိန်မြင့်တက်လာပြီး စိုက်ပျိုးရေလိုအပ်ချက် ပိုမိုမြင့်မားလာခြင်း စသည့်စိန်ခေါ်မှုများအပေါ်တွင် ရေလိုအပ်ချက်များပြားသော နွေစပါးလျာထားစိုက်ပျိုးမှုကို လျှော့ချပြီး ရေလိုအပ်ချက်နည်းနည်းဖြင့် စီးပွားရေးပိုမိုတွက်ခြေကိုက်သည့် အခြားသီးနှံများကို တောင်သူများ ပြောင်းလဲစိုက်ပျိုးလာသည့် အားသာချက်ရရှိအောင်ဆောင်ရွက်လျက်ရှိပြီး သီးထပ် သုံးသီးစိုက်ပျိုးကာ တောင်သူများ စီးပွားရေးအကျိုးအမြတ် ပိုမိုရရှိစေလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှု လျော့ပါးသက်သာစေရန်၊ မြောင်းဆုံးမြောင်းဖျား စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်ရန်နှင့် ချောင်းရိုးများအတွင်းသို့ စွန့်ပစ်သည့်ရေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်ပိတ်ဆို့သိုလှောင်ပြီး စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးပြုပေးဝေနိုင်ရန် စသည့်ဆည်ရေသောက်စနစ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ ဖွဲ့စည်းထားပြီးဖြစ်သည့် ရေအသုံးချသူများအဖွဲ့ (WUG)များနှင့် ပူးပေါင်း၍လည်း စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုကြောင့်လာမည့် နွေရာသီတွင် အပူချိန်မြင့်တက်ပြီး စိုက်ပျိုးရေလိုအပ်ချက် မြင့်မားလာနိုင်မည့် အခြေအနေနှင့်အတူ ရေရှားပါးခက်ခဲလာနိုင်မည့် အခြေအနေစိုက်ပျိုးရေများကို တောင်သူအချင်းချင်း ညီညွတ်မျှတသည့် စိတ်ဓာတ်ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး လေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ခွဲဝေသုံးစွဲရန် လိုအပ်မှုအခြေအနေ၊ နွေသီးနှံရာသီတွင် နွေစပါးကဲ့သို့ ရေလိုအပ်ချက်များပြားသော သီးနှံအစား ရေလိုအပ်ချက်နည်းပြီး စီးပွားရေးပိုမိုတွက်ခြေကိုက်သည့် နွေအခြားသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးရမည့် အခြေအနေ စသည့်မြေအသုံးချစိုက်ပျိုးမှု၊ ရေအသုံးချစိုက်ပျိုးမှုဆိုင်ရာများကို တောင်သူများ သိရှိနားလည်ပြီး ဌာန၏ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်နိုင်စေရေး ပညာပေးဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မွေး

---

## ဒေါင်းဘုတ်-သရက်-မင်းလှလမ်း မြေနီကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်

အထက်မင်းလှ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေါင်းဘုတ်-သရက်-မင်းလှလမ်း မြေနီကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် မြေနီကျောက်ချောခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီရိဖြိုးဝေဝင့်က လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဇာဇာ(အထက်မင်းလှ)



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့ မြို့မိမြို့ဖများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင် တည်ဆောက်ပြီးစီးမှု၊ လူကူးလျှောက်လမ်း တံတားအသစ် တည်ဆောက်ရန်အတွက် ကွန်ကရစ်ပိုင်ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကန်ပတ်ဝန်းကျင်သာယာလှပစေရန်အတွက် မြေယာရှုခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**အမြဲမပြတ် သန့်ရှင်းစေရေး**

ယင်းနောက် လူကူးလျှောက်လမ်းတံတားအသစ်တည်ဆောက်ရန် ကွန်ကရစ်ပိုင်ရိုက်ခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် စနစ်တကျ ဆောင်ရွက်ကြရန်၊ ကန်ပတ်လည်တွင် ရာသီမရွေးပွင့်လန်းစေမည့် အရိပ်ရပင်နှင့် ပန်းအလှပင်များ ထပ်မံစိုက်ပျိုးရန်နှင့် အရိပ်ရပင်များ၏ အမည်နာမများ တပ်ဆင်ထားရှိရန်၊ ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်တွင် အမြဲမပြတ် သန့်ရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။

**အပန်းဖြေအနားယူနိုင်**

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေး အ.ထ.က(၃)ကျောင်းရှေ့ရှိ မေတ္တာကန်သို့ သွားရောက်ကြည့်ရှုပြီး မြို့တော်ဝန်က မေတ္တာကန်အတွင်း ကြာပန်းများ ထည့်သွင်းစိုက်ပျိုးရန်နှင့် ကန်ပေါင်ပတ်လည်တွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်အက်ကွဲခြင်းများကို ပြန်လည်ပြုပြင်ရန်နှင့် အများပြည်သူများ အပန်းဖြေအနားယူနိုင်မည့်နေရာအဖြစ် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများပြပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၇**

ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများပြပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများကို One Region One Product အဖြစ် ရွေးချယ်၍ အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ MSMEs ထုတ်ကုန်ပြပွဲများမှ တစ်ဆင့် ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းအချင်းချင်း အတွေ့အကြုံ ဖလှယ်နိုင်ပြီး ထုတ်ကုန်များအား ဆန်းသစ်တီထွင်နိုင်မည့် ထုပ်ပိုးမှုနည်းစနစ်များကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အသက်သွေးကြော ဖြစ်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအနက် ပထမဆုရရှိသည့် သစ်အခြေခံထုတ်ကုန်ပစ္စည်းများ ပြခန်းအား ဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် ပြခန်းများအား ဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြကာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာ ကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြခန်းတာဝန်ခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**




# ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန၊ ကျိုင်းတုံပညာရေးဒီဂရီ ကောလိပ်လူငယ်သီတင်းပတ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက ထာဝရမြန်မာသီချင်းဖြင့် ကပြဖျော်ဖြေကြပြီးနောက် အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဈေးရောင်းပွဲတော် ကြည့်ရှု**

ဆက်လက်၍ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ရာ တာဝန်ခံကျောင်းအုပ် ဆရာမကြီးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်ကြားရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ခင်းကျင်း ပြသထားမှုများနှင့် ဈေးရောင်းပွဲတော်တို့အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**စက်တင်ဘာ ၈ ရက်အထိ ကျင်းပ**

အဆိုပါ လူငယ်သီတင်းပတ် လှုပ်ရှားမှုကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၇**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မာရဝိဇယ မြတ်ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ တရုတ်နိုင်ငံ ကွမ်းရှီးရုပ်သံ (GXRTV) မှ လာရောက်ရိုက်ကူး



**နေပြည်တော် စက်တင်ဘာ ၇**

တရုတ်နိုင်ငံ ကွမ်းရှီးရုပ်သံ (GXRTV)မှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် နေပြည်တော်ရှိ မာရဝိဇယ မြတ်ဗုဒ္ဓရုပ်ပွားတော်ကြီးသို့ သွားရောက်ဖူးမြော်၍ ရိုက်ကူးရေးဆောင်ရွက်မှုနှင့်အတူ နေပြည်တော်–တပ်ကုန်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်၍ ရိုက်ကူးရေးဆောင်ရွက်သည်။

နံနက်ပိုင်းတွင် ကွမ်းရှီးရုပ်သံ (GXRTV) မှ တွေ့ဆုံမေးမြန်းသူ Ms.LUO XIANZI (ချမ်းချမ်း)က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်၍ MRTV နှင့် GXRTV တို့အကြား တရုတ်ရုပ်သံဇာတ်လမ်းတွဲနှင့် ကာတွန်းဇာတ်လမ်းတွဲများ ပြသမှုနှင့် မြန်မာပရိသတ်များ ကြည့်ရှုအားပေးမှုအခြေအနေ၊ ဇာတ်လမ်းတွဲများ ပြသခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအပေါ် အကျိုးသက်ရောက်မှု၊ နှစ်နိုင်ငံရုပ်သံမီဒီယာတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရိုက်ကူးရေးဆောင်ရွက်သည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ နန်နင်းမြို့တွင် လေးရက်ကြာ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာဆီယံ–တရုတ် ကုန်စည်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သဘောထား အမြင်အား ရိုက်ကူးရေးပြုလုပ်သည်။

ထို့နောက် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားခဲ့ချိန်တွင် ကွမ်းရှီးရုပ်သံ (GXRTV) မှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)အတွက် လိုအပ်သော ဆေးဝါးများနှင့် နှာခေါင်းစည်းများ ပေးပို့လှူဒါန်းခဲ့မှုအတွက် မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် အမှတ်တရပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကွမ်းရှီးရုပ်သံအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းထုတ်လွှင့်တင်ဆက်မှုများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာပြီး ရိုက်ကူးရေးဆောင်ရွက်သည်။

ထို့နောက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထား ပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များတွင် စကျင်ကျောက်ဖြင့် ထုဆစ်ပူဇော်ထားသော ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသို့ သွားရောက်ဖူးမြော်၍ ဘုရား၊ ကျောင်း၊ ကန်၊ ဗိမာန်၊ ဇရပ်ဆောင်များနှင့် ကျောက်စာများ၊ ပန်းမန်ဥယျာဉ်၊ ရေပန်းနှင့် လမ်း၊ တံတားများ တည်ထားမှုကို ရိုက်ကူးရေးဆောင်ရွက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ နန်နင်းမြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ပြည်တွင်းရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Ltd. မှ တင်သွင်းလာသော Geely Geometry E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## စာတတ်သူတိုင်း စာဖတ်ကြ

* စာတတ်သူမှာ၊ ဘယ်ခါမဆို
စိတ်လိုလက်ရ၊ စာဖတ်မှသာ
ဘဝလမ်းကြောင်း၊ တိုးတက်ကောင်းပြီး
မဟောင်းအသစ်၊ အစဉ်ဖြစ်လိမ့်။

* စာတတ်သော်ငြား၊ မဖတ်အားက
စိတ်ထားမပြောင်း၊ တိုးတက်ကြောင်း၏
ကောင်းကျိုးဘဝ၊ လူဖြစ်ရကျိုး
ချိန်ကုန်ဆိုးမို့၊ ကြောင်းကျိုးဆင်ခြင်
သတိဝင်၍၊ အစဉ်စာဖတ်
နေသင့်အပ်သည်၊ တတ်သိလိမ္မာ
ရှိကြပါလော့ ရှိစေတော့။

* နေ့စဉ်စာဖတ်၊ နေတတ်သူမှာ
လူရာလည်းဝင်၊ စိတ်တွင်ရွှင်ပျ
သူ့ဘဝကို၊ အားရကျေနပ်
ရှိရတတ်မို့၊ မပြတ်လေ့လာ
ဆည်းပူးပါလော့ ဆည်းပူးလော့။

* စာကောင်းပေမွန်၊ အလွန်တန်ဖိုး
ရှိကြရိုးရှင့်၊ ကောင်းဆိုးခွဲခြား
အများပေါင်းစု၊ အသုံးပြုသည့်
လူမှုကွန်ရက်၊ နေ့ဆက်သုံးနေ
တွေဝေငေးမော မလိုက်လျောနှင့်
နစ်မြောစိတ်ဝယ် မကောင်းဖယ်၍
တကယ်စာဖတ် မပြတ်လေ့လာ
စာတတ်သူတိုင်း စာဖတ်ပါ။
စာတတ်ကျိုးလည်း နပ်စေရာ... ။ ။

(နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကိုဂုဏ်ပြုလျက်)

**ဘိုမျိုး(ရွှေဘို)**

❖ *ကျောဖုံးမှ*

ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### သံလွင်မြစ်ရေ

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက “နီပေါအသင်းနဲ့ကစားမယ့် ခြေစမ်းပွဲနှစ်ပွဲဟာ မြန်မာအသင်းအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဒီပွဲပြီးရင် မကာအိုအသင်းနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားရမှာဖြစ်လို့ ကြိုတင်ပြင်ဆင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်ကိုင်တွယ်ခဲ့တဲ့ ခြောက်လအတွင်းမှာ မြန်မာအသင်းဟာ တဖြည်းဖြည်းတိုးတက်လာပြီး ပိုကောင်းအောင် ကြိုးစားသွားမှာပါ။ ကျွန်တော့်လက်ထက်မှာ မြန်မာအသင်း ခြေစွမ်းတိုးတက်လာဖို့၊ နိုင်ပွဲတွေရရှိဖို့နဲ့ ကမ္ဘာ့အဆင့်ရပ်တည်ချက် ပြန်မြင့်တက်လာဖို့ ရည်မှန်းချက်ထား ပြုလုပ်သွားမှာပါ” ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နှစ်ပေါင်းအနည်းငယ်အကြာတွင် အိမ်ကွင်း၌ ခြေစမ်းပွဲပြန်လည်ကစားခြင်းဖြစ်သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အမာခံကစားသမားအများစုပါဝင်လာပြီး ပြည်ပကလပ်များတွင် ကစားနေသူ ၁၀ ဦးလည်း ရွေးချယ်ခံထားရသည်။ မြန်မာအသင်းနှင့် နီပေါအသင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ခြေစမ်းပွဲကစားရာ မြန်မာအသင်းက သုံးဂိုးပြတ်အနိုင်ရထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

# အရေး အဖတ် အတွက် မှ သည် အရည်အသွေးမီ ပညာရေးပန်းတိုင်သို့…

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

မြန်မာနိုင်ငံမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်ပြီးခေတ်က စာမတတ်သူ ၆၅ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဒီကိန်းဂဏန်းဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ သိသူအလွန်နည်းပါးခဲ့ပါတယ်။ ၁၉၆၃–၆၄ ခုနှစ် ဝန်းကျင်လောက်က ဆရာ အတတ်သင် ပညာရေး အထူးအရာရှိ ဆရာကြီး ဦးသံဗျင်ရဲ့ နိုးကြားတိုက်တွန်းချက်ကြောင့် မြန်မာနိုင်ငံအနေနဲ့ ၁၉၆၄ ခုနှစ် ကျောင်းပိတ်ရက်ကာလ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို မူလတန်းဆရာဖြစ်သင်တန်းမှ စေတနာ့ဝန်ထမ်း လုပ်အားပေး (၁) မောင်စန်းမောင်၊ (၂) မောင်အောင်သန်း၊ (၃) မောင်သိန်းနဲ့ (၄) အလယ်တန်း ဆရာဖြစ်သင်တန်းမှ မောင်သန်းရှိန်တို့ဟာ မိတ္ထီလာခရိုင် သဖန်းစံပြကျေးရွာက စာမတတ်တဲ့ သက်ကြီးရွယ်အိုတွေကို စာသင်ပေးတဲ့လုပ်ငန်းကို စတင်ခဲ့တယ်။ ဒီ 'အ' သုံးလုံး ကျေသင်တန်းကို တစ်လတာ နာရီ ၈၀ အတွင်း ဆောင်ရွက်နိုင်တာမို့ သမိုင်းတွင်ခဲ့ပါတယ်။

ဒီအကြောင်းခြင်းရာတွေကို ကြားဖူးနားဝရှိခဲ့ပေမယ့် ယခုနှစ် ဩဂုတ်လကုန်လောက်မှာ မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာမှာ ဒေါက်တာမောင်သင်း ရေးသားတဲ့ "မြန်မာ့စာတတ်မြောက်ရေး သမိုင်းအစ မိတ္ထီလာခရိုင်က" စာတတ်မြောက်ရေး အထိမ်းအမှတ် ဆောင်းပါးကို ဖတ်လိုက်ရတဲ့အခါ – "ဟာ ဒီ့နယ်က စခဲ့တာပါလား။ စာမတတ်သူတွေ ရှိနေပါလား" လို့ အံ့အားသင့်ခဲ့ရပါတယ်။ မိတ္ထီလာခရိုင်က စာတတ်မြောက်ဖို့ သက်ကြီး၊ သက်လတ်၊ ပျိုအိုမရွေး စိတ်အားထက်သန်ပြီး ဆောင်ရွက်ခဲ့ပါလားလို့ ဂုဏ်ယူရပါတယ်။ တစ်ဦးနဲ့ တစ်ဦး နှုတ်အားနဲ့ ပြောဆိုတတ်ခြင်းဟာ တစ်နေ့တာကိစ္စတွေလောက်၊ ဈေးဝယ်ရုံလောက်၊ ကျောင်းကန်ဘုရား သွားရင်လည်း မေးထူးခေါ်ပြောအဆင့်ပဲ ဖြစ်ပါတယ်။

**ဝ၊ ထ၊ က၊ လ၊ သ**

အရေး၊ အဖတ်၊ အတွက်ကိုပင် လက်လှမ်းမမီသူတွေ ရှိနေပါလား၊ ဒီပြဿနာကို လွယ်လွယ်နဲ့ မြန်မြန် ဘယ်လိုဘယ်ပုံ ဖြေရှင်းခဲ့သလဲဆိုတော့ ဝ၊ ထ၊ က၊ လ၊ သ သင်နည်းစနစ်ကို ဆရာကြီး ဦးသံဗျင် ဦးစီးပြီး တီထွင်အသုံးပြုခဲ့တာကြောင့် ထိရောက်ခဲ့ပြီး သက်ကြီး၊ သက်လတ် ရွယ်အိုတို့ဟာ အလင်းရသွားခဲ့ကြပါတယ်။ စာတတ်မြောက်ရေးလှုပ်ရှားမှုဟာ လူထုရဲ့အရေးတကြီးကိစ္စ၊ စာမတတ်သူ၊ 'အ' သုံးလုံး မကျေသူ တစ်ဦးတစ်ယောက်မှ မကျန်ရလောက်အောင် ကောက်သင်းကောက်ပြီး ဆောင်ရွက်တာမို့ အလွန်ပင် မွန်မြတ်လှတဲ့ ပရဟိတလုပ်ငန်းစဉ်လို့တောင် အမည်နာမ တပ်လို့ရပါတယ်။ တောင်ပေါ်မြေပြန့် နယ်စွန်နယ်ဖျားထိ ဖြန့်ကြက်ကာ၊ တောနေလှေအောင်း မြင်းဇောင်းမကျန် မြေလှန်ပြီး 'အ' သုံးလုံးကျေလုပ်ငန်းတွေကို တစ်သက်တာကြာ သင်ကြားသင်ယူခြင်း(Lifelong learning) စနစ်ဖြင့် ဆောင်ရွက်နေရဦးမှာ ဖြစ်ပါတယ်။

**လသာသာ ကမလား**

"လသာသာ ကမလား" ကို အသံလည်းထွက်၊ ရေးတတ်လာတော့ သက်ကြီးရွယ်အိုများ ဖြစ်လင့်ကစား ငယ်မူငယ်သွေးပြန်ကာ အပြုံးမျက်နှာကိုယ်စီရှိနေကြမှာကို တွေးပြီး မြင်ယောင်မိပါတယ်။ ညအခါ "လသာသာ၊ ကမလား" ပျော်ပျော်မြူးမြူး ကကြစို့လား၊ တောင်ယာလယ်လုပ်နဲ့ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုကို ညချမ်းအချိန်မှာ အပန်းဖြေနိုင်ဖို့အထိ 'အ' သုံးလုံးသင်တန်းက လမ်းပြလိုက်တာ ဖြစ်ပါတယ်။

လူ့ဘဝမှာ အလုပ်ကိုပဲ သဲကြီးမဲကြီးနဲ့ ငွေနောက်လိုက်နေဖို့ မဟုတ်၊ သဘာဝတရားရဲ့ အလှအပ၊ ပကတိအတိုင်း သာယာနာပျော်ဖွယ်၊ ကြည်နူးဖွယ်တွေ ရှိနေကြောင်း၊ တရားနဲ့ သတိကပ်နေဖို့ စာတတ်မှ၊ ရေးတတ်၊ မှတ်တတ်၊ ဆည်းပူးတတ်မှ ကိုယ့်ဘဝ မိသားစုဘဝဟာ သာယာဝပြောပါလိမ့်မယ်။ ဖတ်တတ် ရေးတတ် တွက်ချက်တတ်ပြီဆိုရင် ဗဟုသုတစုံ၊ အမြင်ကျယ်ကာ မိမိဘဝ မိသားစုဘဝ လုံခြုံမှုဟာ တစ်သက်တာထိ တာသွားတာမို့ ဒီ 'အ' သုံးလုံးလှုပ်ရှားမှုကြီးဟာ သမိုင်းတွင်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ နီးပါး ကြာခဲ့ပြီးဖြစ်တဲ့တိုင် အောက်မေ့ဖွယ်ရာ ပညာရေးလှုပ်ရှားမှုကြီးအဖြစ်သာမက ယနေ့တက္ကသိုလ်ကောလိပ်နဲ့ အခြေခံကျောင်းများ ကျောင်းပိတ်ရက်ကာလမှာ စာတတ်မြောက်ရေး လုပ်အားပေးလုပ်ငန်းဟာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်လို့ တိုင်းပြည်နဲ့ လူမျိုးအတွက် ပညာဒါန အလှူမင်္ဂလာပွဲကြီးပဲ ဖြစ်ပါတယ်။

ကနဦးတာထွက်ခဲ့သော စေတနာ့ဝန်ထမ်း ဆရာငယ်လေးဦးမှသည် နှစ်အနည်းငယ်အတွင်း ဆရာ ဆရာမပေါင်း ကိုးသိန်းနီးပါးတို့က တစ်တိုင်းတစ်ပြည်လုံး နေရာအနှံ့အပြား သင်ကြားပေးခဲ့တာကြောင့် ၁၉၈၈ ခုနှစ်မှာ မြန်မာနိုင်ငံအနေနဲ့ စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ယခု (၂၁) ရာစု အစောပိုင်းမှာပင် စာတတ်မြောက်မှုဟာ ၉၈ ရာခိုင်နှုန်းအထိရှိလာပြီး ရာနှုန်းပြည့်ဖြစ်ဖို့ အစိုးရ–ပုဂ္ဂလိကတို့က သွက်သွက်လက်လက် ထက်ထက်

**❖ တစ်မိသားစုမှသည် တစ်နိုင်ငံလုံးအထိ သာယာဝပြောဖို့ဆိုရင် အားလုံးအတွက်ပညာရေး (Education for All)၊ အားလုံးအတွက် သိပ္ပံပညာရေး (Science for All) ထိ မမှိတ်မသုန် ချီတက်ရပေလိမ့်မယ်။ ယနေ့နေထိုင်ရာ ကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာလာပေလိမ့်မယ်။ ဤကမ္ဘာကြီးလည်း အဓွန့်ရှည်စွာ၊ ကျန်းမာသန်စွမ်းနေပါလိမ့်မယ်**

**❖ သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ် ၇၀-၈၀ က ဆင်းရဲခဲ့ပါတယ်။ ဥရောပ၊ အမေရိကန်၊ ဂျပန်လူမျိုးတွေဟာ ကျောင်းတက်ပညာသင်တာ၊ စဉ်းစားဆင်ခြင်နိုင်ဖို့၊ အမြော်အမြင်ရှိဖို့၊ ကျွမ်းကျင်မှု အဖုံဖုံရှိဖို့ဖြစ်ခဲ့တယ်။ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့ အခြေခံသိပ္ပံ (Basic Science) ကို အခြေချနိုင်ခဲ့တယ်။ ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ အခြေခံသိပ္ပံပညာတွေဟာ အကြောင်းတရားပဲ ဖြစ်ခဲ့ပါတယ်**

မြက်မြက်၊ အမြော်အမြင်ရှိရှိနဲ့ ဆောင်ရွက်ကြပါစို့ ၊ ဆင်နွှဲကြပါစို့ဟု တိုက်တွန်းလိုပါတယ်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်**

၂၀၁၉ ခုနှစ် ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ အစီအစဉ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် ၁၇ ချက် (17 Sustainable Development Goals Report 2019) နဲ့ စပ်လျဉ်းတဲ့ အစီရင်ခံစာအရ "ကလေးအရွယ်မှ လူလတ်ပိုင်း ရောက်နေသော ၆၁၇ သန်းသော လူတို့သည် စာကောင်းကောင်း မဖတ်တတ်၊ ဂဏန်းသင်္ချာမတွက်တတ်ဘဲဖြစ်နေကြပါတယ်။ ကမ္ဘာ့ကလေးငယ်တစ်ဝက်ကျော်ဟာ အဖတ် (Reading) နဲ့ အတွက် (Mathematics) ကို မမီနိုင်ဘဲဖြစ်နေကြောင်း" သိရပါတယ်။

- ကမ္ဘာ့လူဦးရေ သန်း ၇၅၀ ရှိ လူကြီးတို့ဟာ စာမတတ်၊ သန်း ၅၀၀ သော အမျိုးသမီးကြီးများလည်း စာမတတ်ဖြစ်နေကြ၊ အသက် ၆–၁၇ နှစ် လူငယ် ၅ ဦးရှိရင် တစ်ဦးဟာ ကျောင်းမတက်နိုင်ဘဲ ဖြစ်နေကြောင်း၊ ပညာရေး၊ အလုပ်ခွင်မှာ သို့မဟုတ် လေ့ကျင့်မှုမှာမရှိဘဲ အဟောသိကံ ဆုံးရှုံးမှုဖြစ်နေကြောင်း၊
- အသိပညာ၊ အတတ်ပညာ အခြေပြုတဲ့၊ ကျွမ်းကျင်မှုကို အခြေပြုတဲ့၊ အရည်အချင်း မြင့်မားမှုကို အခြေပြုတဲ့ လူ့စွမ်းအားအရင်းအမြစ်နည်းပါးတဲ့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားမှာ တစ်ရာခိုင်နှုန်းလောက်သော လူနည်းစုသာ ဝင်ငွေများများစားစား ရရှိကြကြောင်း၊
- ရာသီဥတု ဖောက်ပြန်မှုကြောင့် ဆက်စပ်ယှက်နွယ်ဖြစ်ပေါ်လာတဲ့ ဘေးဒုက္ခတို့ဟာ ဆင်းရဲနွမ်းပါးသူ၊ ပြောရမယ်ဆိုရင် 'အ' သုံးလုံးမကျေသူတို့အပေါ် ပိုပြီးသက်ရောက်ခဲ့ကြောင်း ကုလသမဂ္ဂရဲ့ အစီရင်ခံစာမှာ တွေ့ရပါတယ်။

စာတတ်မှ ဖတ်တတ်မယ်၊ ရေးတတ်မယ်၊ အမြင်ကျယ်ကျယ်နဲ့ ဆွေးနွေး ညှိနှိုင်းစွမ်းပိုရှိလာပါမယ်။ မြန်မာနိုင်ငံအတွက် စာမတတ်သူ၊ အရည်အသွေးမီ အရည်အသွေးရှိ ပညာရေးပန်းတိုင် (Quality Education) ကို ဆက်လက်ဆောင်ရွက်နေရဦးမှာ ဖြစ်ပါတယ်။

**ပညာရေးညီလာခံ(၂၀၂၃)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အောက်ပါအတိုင်း အထောက်အထားများနဲ့ အမှာစကား မြွက်ကြားခဲ့ပါတယ်။

- "ယနေ့အချိန်အခါမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေးကိစ္စကို အလေးထား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာတတ်များ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာမတတ်သည့် နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့် နိုင်ငံသည် အမှန်တကယ်မတိုးတက်နိုင်ဟု လက်ခံထားကြပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရပါကြောင်း။
- "ပညာရေးဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မှတ်တမ်းများနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက်လူဦးရေ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်း အနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့်ပညာ တတ်မြောက်မှုသာရှိကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ပြီး ၎င်းတို့အနက် အသက် ၁၅ နှစ် အထက် ၄၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်း၊ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်ငန်းတွင် ပါဝင်ကြောင်း၊ ၎င်းတို့သည် စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကောင်းများရှိရန် မဖြစ်မနေလိုပါကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်ပါကြောင်း၊"
- "အသက် ၃ နှစ်မှ ၅၀ နှစ်အတွင်း လူဦးရေ၏ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းရင်းမှာ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန် ငွေမတတ်နိုင်သည်မှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရသည်မှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကူရသည်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် စိတ်ဝင်စားစရာမကောင်းသည်မှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျောင်းက ဝေးလွန်းသည်က ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအချက်များအရ ဆင်းရဲမွဲတေမှုကြောင့်ဖြစ်သည်မှာ အများစုဖြစ်နေပါကြောင်း၊ ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကို အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းများကို ယခုကျင်းပသည့် ပညာရေးညီလာခံကြီးတွင် အဖြေရှာပြီး ဖြေရှင်းပေးကြရမည်ဖြစ်ပါကြောင်း"

**အားလုံးအတွက်ပညာရေး… အနာဂတ်ပညာရေး**

အားလုံးအတွက် ပညာရေး (Education for All) ကို ပညာရေးဝန်ကြီးဌာနက ငွေကြေးပမာဏ မြောက်မြားစွာနဲ့ အားထုတ်ဆောင်ရွက်နေတာကိုတွေ့ရပါတယ်။ ဘာကြောင့်ပါလဲ။ ယှဉ်ပြိုင်မှုကြီးမားတဲ့ (၂၁) ရာစုခေတ်မှာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ် ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ မြန်မာနိုင်ငံရုံးအဖွဲ့အစည်းများမှာပင် စီမံခန့်ခွဲနိုင်စွမ်း အားနည်းနေခြင်းတွေကို တွေ့ရပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*




လူ့သမိုင်းစဉ် တစ်လျှောက်လုံးမှာ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်ဖြစ်ခဲ့ပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့ အသက်ဝိညာဉ်ဟာ ပညာရေးပဲ။ ပညာရေးဟာ အခြေခံပဲဖြစ်ဖြစ်၊ အဆင့်မြင့်ကဏ္ဍမှာပဲဖြစ်ဖြစ် နိုင်ငံနဲ့လူမျိုး တစ်မျိုးသားလုံး ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ်မှုတည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံလဲဖြစ်ပါတယ်။

ပညာရေးဟာ တစ်ကမ္ဘာလုံး၊ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆဖန်တီးပေးနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်တွေဘက်ကို ရွေ့လျားနေတဲ့ ပညာရေးစနစ်ကြီး ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဆရာဟာ အလွန်အားထုတ်ပေးရမယ့်နေရာမှာ ရောက်ရှိနေပါတယ်။ ဆရာဆိုတာ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ကျွမ်းကျင်မှုအတတ်အညာ အရည်အသွေးတွေ မြှင့်တင်ပေးတယ်။ ဖြဟ္မစိုရ်တရား ထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝမှာ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တယ်။

မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသား နဲ့ Life Long Learning Society မှာ ပါဝင်သူ မှန်သမျှဟာ ပညာရေးရဲ့ ဗဟိုချက်မပါပဲ။ လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးနေရတဲ့ ဆရာဟာ ခေတ်နောက်ကျနေခဲ့ရင် မြန်မာ့ပညာရေးမြှင့်တင်မှုဟာ မျှော်လင့်ချက်မရှိနိုင်ပါဘူး။ သူမွေးထုတ်ပေးလိုက်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာလဲ ဘယ်နည်းနဲ့မှ အနာဂတ်ကို ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး။ ‘အ’ သုံးလုံးကိစ္စ၊ ကြက်ခြေနီကိစ္စ၊ ဒေသအတွက် လူငယ်တွေရဲ့ ပါဝင်မှု အခန်းကဏ္ဍကိုလဲ ဆရာ ဆရာမများနဲ့အတူတကွ ဆောင်ရွက်ပေးကြရဦးမယ်၊ ဘာကြောင့်ပါလဲ။

ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ပဲ။ စာတတ်မှ၊ ပညာတတ်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မယ်၊ အမှားအယွင်း နည်းမယ်။ လူငယ်တွေရဲ့ ဘဝခရီးတစ်လျှောက်မှာ ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ဖို့၊ အမှားနဲ့ အမှန် ခွဲခြားနိုင်ဖို့၊ အကောင်းနဲ့ အဆိုး၊ အကြောင်းနဲ့ အကျိုးကို မျိုးဆက်သစ်များရဲ့ ပညာရည်မြင့်မားဖို့လဲ မျက်ခြည်မပြတ်အားထုတ်ကြရမယ်။ တစ်ဦးနဲ့ တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့ စည်းကမ်းရှိတဲ့ နိုင်ငံသားများ အနည်းဆုံးဖြစ်သွားစေရပါမယ်။ လက်ကြောမတင်းတဲ့ လူလတ်လူကြီးတွေ ဖြစ်လာမှာကို ကြိုတွက်တတ်ရပါမယ်။ မိမိနေအိမ် ရပ်ရွာဒေသကို ကောင်းသထက်ကောင်းအောင် တည်ဆောက်ကြရမှာဖြစ်ပါတယ်။ လူ့အဖွဲ့ အစည်း လူထုလိုအပ်ချက်၊ စက်ရုံတွေလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြည့်ဆည်းသွားကြရမှာဖြစ်ပါတယ်။ ထူးချွန်ပြောင်မြောက်တဲ့ တီထွင်ကြံဆနိုင်တဲ့လူမဖြစ်လင့် ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရပါမယ်။

တစ်မိသားစုမှသည် တစ်နိုင်ငံလုံးအထိ သာယာဝပြောဖို့ဆိုရင် အားလုံးအတွက် ပညာရေး (Education for All)၊ အားလုံးအတွက် သိပ္ပံပညာရေး (Science for All) ထိ မမိုတ်မသုန် ချီတက်ရပေလိမ့်မယ်။ ယနေ့နေထိုင်ရာ ကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာလာပေလိမ့်မယ်။ ဤကမ္ဘာကြီးလည်း အစွန့်ရှည်စွာ၊ ကျန်းမာသန်စွမ်းနေပါလိမ့်မယ်။

**တစ်နေ့တစ်လံ ပုဂံမရွှေ့**

မြန်မာစကားမှာ လူများဟာ ကြံရင်းနဲ့သေ၊ ငှက်များဟာ ပျံရင်းနဲ့သေတယ်လို့ ပြောတတ်ကြပါတယ်။ ဒီစကားဟာ တက်ကြွမှုမရှိ၊ ကြံစည်စိတ်ကူးရုံသက်သက်ပဲ၊ အလားအလာနည်းပြီး စိတ်ကုန်လူပန်းရမယ့် ကိစ္စပဲလို့ ထင်မြင်စရာ စကားဖြစ်နေပါတယ်။ ငှက်များလိုပဲ ပျံသန်းရင်း၊ မိမိနေအိမ် ရပ်ရွာဒေသကို တို့တစ်တွေဟာ ကောင်းသထက်ကောင်းအောင် တည်ဆောက်ကြရမှာ ဖြစ်တယ်။ ဟော်လန်စကားပုံကတော့ ဘုရားသခင်က ‘‘ငှက်များစားဖို့ တီကောင်ကို ဖန်ဆင်းပေးသော်လည်း ပါးစပ်ထဲကိုတော့ ထည့်မပေးပါဘူး’’ တဲ့။ ပညာရှာရာမှာ ခွံ့ပေးတဲ့ ‘‘Spoon Feeding’’ မဟုတ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။ အတ္တာဟိ အတ္တနောနာထောပဲ။ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့ ကိုယ်တိုင်လေ့လာမှု (Self-study) ကို အားပေးရမယ်၊ ကိုယ်တိုင်လေ့လာမှုကို အားပြုကြရမှာဖြစ်ပါတယ်။

**အားလုံးအတွက် သိပ္ပံပညာရေး (Science for all)**

ကျွန်တော်တို့ လူထုအတွင်း နိစ္စဓူဝကိစ္စ ကိစ္စကြီးငယ်လုပ်ကြရာမှာ သိပ္ပံပညာဆိုတာဘာလဲဆိုတာကို ကောင်းကောင်းနားမလည်ခြင်းပဲဖြစ်တယ်လို့ ပြောကြပါတယ်။ သိပ္ပံဆိုတာ သိပ္ပံပညာရှင်တို့ လုပ်တဲ့ အလုပ်လို့ ပြောလေ့ရှိပါတယ်။ ကျွန်တော်တို့တစ်တွေ သိပ္ပံဓာတ်ခွဲခန်းတစ်ခုကို စိတ်ကူးနဲ့စဉ်းစားကြည့်တဲ့အခါ ထိန်လင်းနေတဲ့ အခန်းကြီးထဲမှာ အဖြူရောင်ဓာတ်ခွဲခန်း ဝတ်ရုံကိုဝတ်၊ စမ်းသပ်ဖန်ပြွန်ထဲက ရောင်စုံဖြစ်ပေါ်နေတာတွေကိုကြည့်၊ မိုက်ခရိုစကုပ်ရှေ့မှာထိုင်ပြီး ကြည့်လိုက်၊ တန်ဖိုးကြီးမားလှတဲ့ စက်ကိရိယာကြီးတွေ ရှေ့မှာထိုင် သဲကြီးမဲကြီး တိုင်းတာတွက်ချက် အလုပ်လုပ်နေတဲ့ လူသားတစ်ယောက်လို့မြင်လေ့ရှိပါတယ်။ သုတေသနတွေ့ရှိချက်တွေ၊ ထပ်ဆင့် တီထွင်ဆန်းသစ်မှုတွေဟာ လူ့ယဉ်ကျေးမှုကြီးဖြစ်ပေါ်ပုံမှာ စိတ်ဓာတ်ခွန်အားတွေ ဖြစ်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာ နယ်ပယ်ထဲက သုတေသနတွေကြောင့် လေ့လာမှုရလဒ်တွေကြောင့် ထွန်းကားလာမှုဟာ သဘာဝတရားရဲ့နိယာမတွေကို ပိုနားလည်လာပြီး လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုတွေ ရရှိတာဖြစ်ပါတယ်။

**သယံဇာတနှင့် သိပ္ပံပညာ**

သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ် ၇၀-၈၀ က ဆင်းရဲခဲ့ပါတယ်။ ဥရောပ၊ အမေရိကန်၊ ဂျပန်လူမျိုးတွေဟာ ကျောင်းတက် ပညာသင်တာ၊ စဉ်းစားဆင်ခြင်နိုင်ဖို့၊ အမြော်အမြင်ရှိဖို့၊ ကျွမ်းကျင်မှု အဖုံဖုံ ရှိဖို့ဖြစ်ခဲ့တယ်။ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့ အခြေခံသိပ္ပံ (Basic Science) ကို အခြေချနိုင်ခဲ့တယ်။ ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ ကိစ္စမှာ အခြေခံသိပ္ပံပညာတွေဟာ အကြောင်းတရားပဲ ဖြစ်ခဲ့ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အဆင့်မြင့်နည်းပညာကျွမ်းကျင်သူသန်း ၂၀ ကျော် မွေးထုတ်ခဲ့ပါတယ်။ ဒီအင်အားစုနဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားဖွံ့ဖြိုးရေးတိုးတက်ရာတိုးတက်ကြောင်း မောင်းနှင်နိုင်တာကို တွေ့ရပါတယ်။ ဒီအင်အားစုဟာ အရှေ့တောင်အာရှကို လွှမ်းလာတာတွေ့ရပါတယ်။ ဂျပန်နိုင်ငံကတော့ ပြောဖွယ်ရာမလိုတော့ပြီ။ မြန်မာနိုင်ငံ လူဦးရေထက်များတဲ့ ၆၇ သန်းသော အဆင့်မြင့်နည်းပညာကျွမ်းကျင်သူအပေါင်းနဲ့ ကမ္ဘာရဲ့နယ်ပယ်အသီးသီးမှာ ထဲထဲဝင်ဝင် ပါဝင်နိုင်တာကို တွေ့ရပါတယ်။ ဒီကိစ္စတွေဟာလဲ ‘‘တစ်နေ့တစ်လံ ပုဂံမရွှေ့’’ ဆိုသလို နေ့စဉ် လစဉ် နှစ်စဉ် အားထုတ်မှုဖြစ်ပါတယ်။ မြန်မာတွေ အဆင့်မြင့်နည်းပညာ တတ်ကျွမ်းသူ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖို့ အားထုတ်ကြရပါလိမ့်မယ်။

**သာမန်လူတို့နှင့် သိပ္ပံသဘောနားလည်သူတို့**

သိပ္ပံပညာဟာ အရာခပ်သိမ်း ဆုံစည်းရာ အဆက်အစပ် အကျိုးအကြောင်းရှိတဲ့ ကိစ္စတွေကို လေ့လာခြင်းဖြစ်တယ်။ သိပ္ပံပညာရှင်တို့ဟာ သမားရိုးကျအပေါ်ယံရှုပ်ပြီး ရှင်းလင်းလေ့မရှိပါဘူး။ အဖြေကို သံသယရှိကြတယ်။ လွယ်လွယ်ကူကူ ယုံကြည်လေ့မရှိဘူး။ ဒီမှာတင် သာမန်လူနဲ့ သိပ္ပံသဘောနားလည်သူတို့ ကွာခြားသွားပါပြီ။ သူတို့ဟာ စူးစမ်းဆောင်ရွက်လိုစိတ်ပြင်းပြကြတယ်။ အထောက်အထား အချက်အလက်တွေ စုဆောင်းပြီး ဘက်ပေါင်းစုံရှုထောင့်စုံကနေ ဂရုတစိုက် စိစစ်လေ့ရှိတယ်။

သူတို့ရဲ့စိတ်ကူးအတွေးအခေါ်ကို တရားသေ ဆုပ်ကိုင်လေ့မရှိဘူး။ စိတ်ကူးသစ်နဲ့ မှန်ကန်တဲ့အချက်အလက် အထောက်အထားတွေ တွေ့ရှိပါက သူတို့ရဲ့ မူလအတွေးအခေါ်၊ အယူအဆကို ပြောင်းလဲဖို့ ဝန်မလေးဘူး။ ပိုပိုပြီး တိကျမှန်ကန် ခိုင်လုံတဲ့ အထောက်အထား အချက်အလက်တွေနဲ့ မိမိဝန်းကျင် လူမှုရေး၊ စီးပွားရေး အဖြစ်သနစ်တွေကို ပုံဖော်ပြီး ရှင်းလင်းပြတတ်ကြတယ်။

မြန်မာနိုင်ငံကတော့ “အားလုံးအတွက် သိပ္ပံပညာရေး” မလုပ်နိုင်လောက်သေးဘူးလို့ ပြောရပါလိမ့်မယ်။ ပညာတတ်ရင် သိပ္ပံနဲ့နည်းပညာ တတ်ကျွမ်းရင် မိသားစုကို ထိန်းနိုင်လောက်မယ်။ သိပ္ပံနဲ့နည်းပညာတိုးတက်မှု ကိုယ်နှိုက်ကိုက လူနေမှုအဆင့်အတန်း မြင့်မားစေဖို့ ညီညွတ်မျှတစေဖို့ အခွင့်အလမ်းတွေ ပါဝင်ပါတယ်။ အမေရိကန်တို့ဟာ “Education for all, Science for all” အတွက် ၁၉၆၅ ခုနှစ်မှာ တစ်နိုင်ငံလုံးကို အင်တိုက်အားတိုက် မောင်းနှင်ခဲ့ပါတယ်။ အဏုမြူဗုံး နှစ်လုံးနဲ့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့တဲ့ ဂျပန်တို့ဟာ နည်းပညာရဖို့ ပညာရပ်မြင့်မားမှ ဖြစ်တော့မယ်ဆိုတာ ပိုပြီးသိတဲ့အတွက် လက်မှိုင်မချဘဲ၊ တက္ကသိုလ်၊ ကောလိပ်တွေထဲက ခနဉ္စာတွေ ရှာဖွေပြီး အလုပ်လုပ်တော့တာပဲ။ ဂျပန်က စစ်လျော်ကြေးပေးရဖို့ကိစ္စဟာ တစ်မျိုးသားလုံးရဲ့ အရေးဖြစ်လို့၊ တန်ဖိုးမြင့်ကုန်ချောတွေ ထုတ်ရောင်းချတဲ့နည်းပဲ ရှိတော့တယ်လို့ ဘုရင်မင်းမြတ်က အစ၊ ဂျပန်အစိုးရက ဆင်ခြင်သုံးသပ်ဆောင်ရွက်ခဲ့တယ်။ သိပ္ပံနှင့်နည်းပညာတွေကို ကျောင်းတွေ တက္ကသိုလ်တွေရဲ့ သင်ခန်းစာတွေထဲက စီးပွားဖြစ်အောင် မီးကုန်ယမ်းကုန်ရှာဖွေခဲ့ပြီး ပြာပုံထဲက ထခဲ့တယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ “Education for all” နဲ့ လုံလောက်နိုင်ခြင်း မရှိတော့လို့ “Excellence for all” ပြောင်းလဲရတဲ့အထိ ပညာရေးကို ချဉ်းကပ်တာ တွေ့ရပါတယ်။ ဒီအထိ ဘာကြောင့်လုပ်ရသလဲ ဆိုလို့ရှိရင် ဒီခေတ်ရဲ့ ယှဉ်ပြိုင်မှုတစ်ခုလုံးကိုပါဝင်ခွင့်၊ ကြီးစိုးနိုင်ခွင့်ရှိဖို့ မျှော်လင့်ချက်ဟာ ပညာရေးမှာပဲရှိတယ်ဆိုတာ သူတို့သိလို့ပါပဲ။

ဒါကြောင့် မြန်မာပညာရေးဟာ သင်ကြားမှုသက်သက်မဟုတ်၊ ကမ္ဘာ့အရပ်ရပ်က တွေ့ရှိချက်တွေကို သင်ရုံသက်သက်မဟုတ်၊ တက္ကသိုလ်တွေဟာ မိမိနယ်ပယ်တစ်ခုအတွင်းမှာ ထူးချွန်တဲ့သူ အဆင့်မြင့် ဒီဂရီ၊ ဘွဲ့ရသူတွေ မွေးထုတ်ပေးရုံသက်သက် မဟုတ်တော့ဘဲ တက္ကသိုလ်ပရဝဏ်အပြင်ဘက် စီးပွားရေး ဖွံ့ဖြိုးဖို့၊ လူမှုဘဝ သာယာဝပြောဖို့၊ နည်းပညာမြင့်မားရေးနဲ့ ဝန်ဆောင်မှုကိုမြှင့်တင်ပေးဖို့ ပညာရေးဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍဖြစ်လာပါတယ်။ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ်လိုအပ်တဲ့ ကျွမ်းကျင်မှု အရည်အသွေးတွေကို မွေးထုတ်ပေးကြရမှာဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ကို ထုတ်လုပ်ရာမှာ ပုံစံသစ်နဲ့သွားရမှာဖြစ်တယ်။ ပညာရေးဟာ သင်ကြားမှု သက်သက်မဟုတ်။ “Teaching and Learning” သင်ယူလေ့လာမှုနှစ်ခု သဟဇာတဖြစ်အောင် လုပ်ကြရမယ်။

“Independent Learning” လွတ်လွတ်လပ်လပ် သင်ယူမှု၊ အပြောကျယ်တဲ့ လေ့လာမှု၊ ICT နည်းပညာကိုသုံးတဲ့ သင်ကြားသင်ယူမှု၊ လေ့လာမှု၊ တီထွင်ဆန်းသစ်တဲ့ (Innovation) နယ်ပယ်ထဲကိုရောက်အောင် တွန်းတင်ပေးရမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင် သင်ယူမှုကို ဇောင်းပေးရမယ်။ တကယ့်ကို မြင့်မြင့်မားမား ပညာတတ်မှ၊ တကယ့်ကိုကျွမ်းကျင်မှု ဖန်တီးမှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်များကသာ ဆက်လက်ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားဖြစ်ထွန်းမှု၊ လူ့ဘောင်ရဲ့ ညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ရေးရှုနိုင်မှာ ဖြစ်ပါတယ်။

**ကောင်းပါပြီ…**

အပြင်မှာ ဘာတွေဖြစ်နေသလဲလို့ မြန်မာ့တံခါးကိုဖွင့်ကြည့်တဲ့အခါ ပညာရေး၊ သိပ္ပံနဲ့နည်းပညာဟာ ပိုပြီးအခရာကျတာ တွေ့ရပါတယ်။ ပညာခေတ်မှာ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ ဗလငါးတန်ပြည့်ဝသူတို့ကသာ တိုင်းပြည် အပြောင်းအလဲကို ပြုလုပ်နိုင်လိမ့်မယ်။ အရှေ့အနောက်ကိုထိုင်ပြီး မမျှော်လေနဲ့။ ကိုယ့်တိုင်းရင်းသားအပေါင်းက တညီတညွတ်တည်း ကိုယ့်အားကိုယ် အားကိုးကြရမယ်။ ရေရှည်အကျိုးကို မျှော်ကိုးပြီး မျိုးဆက်သစ်လူငယ်တွေဟာ ပြုံးပန်းတွေနဲ့အတူ မြန်မာတို့ရဲ့ အနာဂတ်ပညာရေးခရီးကို ဆက်လျှောက်ကြရမှာဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါတယ်။

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) မှတ်တမ်းဓာတ်ပုံများ





ပဲခူးတက္ကသိုလ်


ရတနာပုံတက္ကသိုလ်


ကျောက်ဆည်တက္ကသိုလ်


မိတ္ထီလာစီးပွားရေးတက္ကသိုလ်


အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်


စစ်တွေတက္ကသိုလ်


မုံရွာစီးပွားရေးတက္ကသိုလ်


မိတ္ထီလာတက္ကသိုလ်


စစ်ကိုင်းတက္ကသိုလ်


မအူပင်တက္ကသိုလ်


မိုးညှင်းတက္ကသိုလ်



မန္တလာတက္ကသိုလ်


မော်လမြိုင်
ပညာရေး
ဒီဂရီ
ကောလိပ်


သင်္ကန်းကျွန်း
ပညာရေး
ဒီဂရီ
ကောလိပ်

# နည်းပညာကုမ္ပဏီကြီးခြောက်ခုကို အီးယူမှ စည်းကမ်းတင်းကျပ်သွားမည်

ဘရပ်ဆဲလ် စက်တင်ဘာ ၇

**ဥရောပသမဂ္ဂသည် ဒစ်ဂျစ်တယ်ဈေးကွက်များတွင် မျှတသည့်ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်စေရန်အတွက် ဥပဒေသစ်အောက်တွင် နည်းပညာကုမ္ပဏီကြီး ခြောက်ခုကို စာရင်းပြုစုထားသည်။**

အဆိုပါကုမ္ပဏီများမှာ အယ်လ်ဖာဘက်၊ အမေဇုန်၊ အက်ပဲ၊ တစ်တော့ခ်အော်ပရေတာ ဘိုင်ဒန့်စ်၊ မက်တာနှင့် မိုက်ခရိုဆော့ဖ်တို့ဖြစ်သည်ဟု အီးယူက ပြောသည်။

ဒစ်ဂျစ်တယ်ဈေးကွက် ဥပဒေအောက်တွင် လာမည့်နှစ် အစောပိုင်းမှစတင်၍ စည်းကမ်းတင်းကျပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် ၎င်းတို့၏မီဒီယာပလက်ဖောင်းတွင် ပြသသည့်အခါ ၎င်းတို့၏ထုတ်ကုန်များကိုသာ ဦးစားပေးနိုင်တော့မည်မဟုတ်ပေ။ ၎င်းတို့၏ ငွေပေးချေမှုစနစ်ကိုအသုံးပြုရန် အက်ပလီကေးရှင်းဆော့ဖ်ဝဲရေးသားသူများကို အတင်းအကျပ် ဖိအားပေးမှုကိုလည်း တားမြစ်သွားမည်ဖြစ်သည်။ အော်ပရေတာများသည် ပြိုင်ဘက်ကုမ္ပဏီများကို ဝယ်ယူသည့်အခါ အီးယူစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ကြိုတင်အကြောင်းကြားရမည်ဖြစ်သည်။

အဆိုပါဥပဒေကို ချိုးဖောက်သည့် ကုမ္ပဏီသည် ကမ္ဘာ့အနှံ့ ၎င်းတို့၏ နှစ်စဉ်ဝင်ငွေ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဖြစ်သည်။ စည်းကမ်းချက်အသစ်များသည် နည်းပညာကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့၏ဈေးကွက် လွှမ်းမိုးနိုင်မှုကို အခွင့်ကောင်းယူကာ သုံးစွဲသူများအပေါ် မမျှတသည့်အခြေအနေဖြစ်ပေါ်မှုကိုတားဆီးနိုင်လိမ့်မည်ဟု ဥရောပသမဂ္ဂ(အီးယူ )က မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**






အာကင်ဆောပြည်နယ်တွင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေသည်ကို တွေ့ရစဉ်။

# အမေရိကန် အာကင်ဆောပြည်နယ်တွင် မုန်တိုင်းဒဏ်ကြောင့် လူပေါင်းထောင်နှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်သည့်ဒဏ်ခံစားရ

**ဟူစတန် စက်တင်ဘာ ၇**

အမေရိကန် ပြည်ထောင်စုအာကင်ဆောပြည်နယ်တွင် စက်တင်ဘာ ၆ ရက်မွန်းလွဲပိုင်းက မုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးကြွေခြင်းတို့ဖြစ်ပေါ်ခဲ့ရာ လူနေအိမ်နှင့် စီးပွားရေးအဆောက်အအုံများ ပျက်စီးခြင်း၊ ထောင်နှင့်ချီသည့် ဒေသခံများ လျှပ်စစ်မီးပြတ်တောက်သည့်ဒဏ် ခံစားရခြင်းအစရှိသည်တို့နှင့် ကြုံတွေ့ခဲ့ရကြောင်း ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

အာကင်ဆောပြည်နယ် မြို့တော်လစ်တဲရော့ခ်တွင် အပူချိန်မြင့်မားခြင်းနှင့် စိုစွတ်မှုများပြားခြင်းတို့ကြောင့် မုန်တိုင်းကိုအားကောင်းစေရန် လောင်စာပေးသကဲ့သို့ဖြစ်နေသည်ဟု ကျွမ်းကျင်သူများက ပြောသည်။ စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် ည ၉နာရီတွင် ဒေသခံ ၁၈၀၀၀ ဝန်းကျင်မှာ လျှပ်စစ်မီးမရရှိခဲ့ဟု သိရသည်။

လျှပ်စစ်မီးပြတ်တောက်မှုဒဏ် အများဆုံးခံရသည့်နေရာမှာ ပေါ်လာစကီဒေသဖြစ်ပြီး လူပေါင်း ၁၃၀၆၂ မှာ လျှပ်စစ်မီးမရခဲ့ပေ။ ယင်းနောက်တွင် ဒရူးဒေသက ဒုတိယအဆိုးဆုံး လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လူပေါင်း ၃၆၂၄ မှာ လျှပ်စစ်မီးမရခဲ့ဟု ကေအေအာကေ တီဗွီတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံတွင် တောရိုင်းပိုလီယိုပိုးရပ်ဝန်းနမူနာများ စစ်ဆေးတွေ့ရှိ

**အစ္စလမ္မာဘတ် စက်တင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ ဒေသအသီးသီးမှ ဩဂုတ်လအတွင်း စုဆောင်းရရှိသော နမူနာလေးခုတွင် တောရိုင်း ပိုလီယိုပိုးရပ်ဝန်းပိုး ကူးစက်ခံထားရကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့နှင့် တောင်ပိုင်းဆိပ်ကမ်းမြို့တစ်ခုဖြစ်သည့် ကရာချီမြို့ ပတ်ဝန်းကျင်များမှ တောရိုင်းပိုလီယိုပိုးရပ်ဝန်းရောဂါနမူနာများကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဝန်ကြီးဌာနက စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ရှာဟင်းမူဆလင်မြို့မှ မိလ္လာနမူနာကို ဩဂုတ် ၁၇ ရက်တွင် လည်းကောင်း၊ ပက်ရှ်ဝါမြို့ နာရေးကူဝါရေိယာရှိ ချောင်းလက်တက်နှစ်ခုမှ နမူနာနှစ်ခုကို ဩဂုတ် ၂၂ ရက်တွင် လည်းကောင်း၊ ကရာချီဒေသ၌ ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း ရောဂါပိုးနမူနာများ စုဆောင်းရရှိခဲ့ကြောင်း၊ ထို့ကြောင့် ပက်ရှ်ဝါနှင့် ကရာချီတို့တွင် ငါးနှစ်အောက်ကလေးငယ်များအား ဩဂုတ် ၇ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ကာကွယ်ဆေးများထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ပါကစ္စတန်နိုင်ငံ ဒေသအသီးသီးမှ ယခုချိန်အထိ နမူနာ ၂၁ ခုကို စုဆောင်းရရှိခဲ့ပြီး ကလေးနှစ်ဦးသည် ယခုနှစ်အတွင်း တောရိုင်းပိုလီယိုကြောင့် အကြောသေသွားကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနမှ အတည်ပြုထားသည်။ **ဆင်ဟွာ**

# လေအားလျှပ်စစ်စီမံကိန်းများနှင့်ဆက်နွှယ်သော လာဘ်ပေးလာဘ်ယူမှုဖြင့် ဂျပန်လွှတ်တော်အမတ်တစ်ဦး ဖမ်းဆီးခံရ

**တိုကျို စက်တင်ဘာ ၇**

ကမ်းလွန် လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများနှင့် ဆက်စပ်၍ တိုကျိုအခြေစိုက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ကုမ္ပဏီတစ်ခု၏ အကြီးအကဲဟောင်းတစ်ဦးထံမှ လာဘ်ငွေများ လက်ခံရယူမှု သံသယဖြင့် တိုကျိုအစိုးရရှေ့နေများသည် ပါလီမန်အမတ်တစ်ဦးကို ဖမ်းဆီးလိုက်သည်။

ဂျပန် အောက်လွှတ်တော်အမတ် အာကီမိုတို မာဆာတိုရှိသည် စွမ်းအင်ကုမ္ပဏီအကြီးအကဲဟောင်းထံမှ စုစုပေါင်း ယန်းသန်း ၆၀ (ဒေါ်လာ ၄၀၆၀၀၀ ခန့်) လာဘ်စားသည်ဟု သံသယဖြင့် စက်တင်ဘာ ၇ ရက်က ဖမ်းဆီးခံခဲ့ရသည်။

စွမ်းအင် ကုမ္ပဏီသည် ကမ်းလွန်လေအားလျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းများအတွက် လေလံအောင်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ လွှတ်တော်အမတ် အာကီမိုတိုသည် လွှတ်တော် အစည်းအဝေးများအတွင်း ကုမ္ပဏီအတွက် အဆိုအောင်မြင်ရေး အလားအလာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လာဘ်ငွေကို လက်ခံရယူခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ယုံကြည်ကြသည်။ **အင်န်အိတ်ချ်ကေ**



၂၀၂၁ ခုနှစ် မတ်လအတွင်းက လွှတ်တော်အမတ် အာကီမိုတို မာဆာတိုရှိက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် ထောက်ခံအားပေးသည့် မိန့်ခွန်းတစ်ရပ်ပြောကြားစဉ်။

# အနောက်ဘက်ကမ်းဒေသ ဘက်သလမ်ဟန်တွင် အချင်းများကြရာမှ ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့ဝင်တို့ ဒဏ်ရာရ

**ရမ်မလာ စက်တင်ဘာ ၇**

အနောက်ဘက်ကမ်း ဘက်သလမ်ဟန်ဒေသတွင် စက်တင်ဘာ ၇ ရက်က အစ္စရေးတပ်ဖွဲ့နှင့် ပါလက်စတိုင်းတို့အကြား အချင်းများကြရာမှ ပါလက်စတိုင်းတစ်ဦးနှင့် အစ္စရေး တပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်ဟု နှစ်ဖက်စလုံး၏ သတင်းအရင်းအမြစ်များကပြောသည်။

ခြေထောက်ဒဏ်ရာ ရရှိထားသည့် ပါလက်စတိုင်း လူငယ်တစ်ဦးကို အစ္စရေးတပ်ဖွဲ့မှ ဆေးရုံသို့ လွှဲပြောင်းပေးခဲ့သည်ဟု ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်က ပြောသည်။ ဘက်သလမ်ဟန် တောင်ပိုင်းရှိ ဒေးရှာ ဒုက္ခသည်စခန်းတွင် စက်တင်ဘာ ၇ ရက်က အစ္စရေး တပ်ဖွဲ့ဝင်များဝင်ရောက်စီးနင်းမှုပြုလုပ်ခဲ့ရာ နှစ်ဖက် အချင်းများမှုများ ဖြစ်ပေါ်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။

အစ္စရေး တပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးဖြင့်ပစ်ခြင်း၊သေနတ်ဖြင့်ပစ်ခတ်ခြင်းတို့ ပြုလုပ်ကာ ဆန့်ကျင်နေသည့် ပါလက်စတိုင်း လူစုကိုခွဲရန် ကြိုးပမ်းခဲ့သည်။ စက်တင်ဘာ ၇ ရက်အတွင်း အနောက်ဘက်ကမ်းရှိ မြို့များ၊ ရွာများကိုစီးနင်း၍ ပါလက်စတိုင်း လူငယ် ၁၈ ဦးထက်မနည်း ဖမ်းဆီးခဲ့သည်ဟုလည်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သော ပါလက်စတိုင်း အကျဉ်းသားများအဖွဲ့အစည်းက ပြောသည်။

အနောက်ဘက်ကမ်း ဒေသတွင် အစ္စရေးတို့၏ စီးနင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်းကို သေကျေပျက်စီးမှုများရှိရာ တစ်နှစ်ခွဲကြာတင်းမာမှုကို ပို၍ဆိုးရွားစေခဲ့သည်။ အစ္စရေးကို ဆန့်ကျင်တိုက်ခိုက်နေသည့် ပါလက်စတိုင်း စစ်သွေးကြွများကို နှိမ်နင်းရန်အတွက် ယခုလိုစီးနင်းတိုက်ခိုက်မှုပြုလုပ်ရခြင်းဖြစ်ကြောင်း အစ္စရေးက အခိုင်အမာပြောသည်။

အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခမှာ ၂၀၂၂ ခုနှစ် အစောပိုင်းက ပါလက်စတိုင်း ၂၂၇ ဦးနှင့် အစ္စရေး ၃၂ ဦး သေဆုံးမှုဖြစ်ပေါ်ခဲ့သည့်နောက် ပို၍ပြင်းထန်လာသည်။ **ဆင်ဟွာ**

# မဲခေါင်-လန်ချန်းဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တီထွင်မှုဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၇

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်း (၂၀၂၁) ဖြင့် ဆောင်ရွက်သော "လန်ချန်း-မဲခေါင်ဒေသရှိ စွန့်ဦးတီထွင်စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးမှုအတွက် နည်းပညာလွှဲပြောင်းမှု လျင်မြန်စေရေး ဌာနတည်ဆောက်ခြင်း" စီမံကိန်းအတွက် မဲခေါင်-လန်ချန်းဒေသတွင်း နည်းပညာလွှဲပြောင်းပေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် Wyndham Grand ဟိုတယ်၌ ကျင်းပသည်။**




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong (ဒေါက်တာကျန်းကျီဟွန်း)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။

အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများသည် အဓိကမောင်းနှင်အားဖြစ်သောကြောင့် တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများသည် နည်းပညာဖွံ့ဖြိုးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးသော အရင်းအမြစ်ဌာနကြီးများဖြစ်၍ ကောင်းမွန်သော ဆန်းသစ်တီထွင်မှုသုတေသနရလဒ်များကို ဓာတ်ခွဲခန်းအဆင့်မှ ဈေးကွက်ဝင် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အဆင့်သို့ ရောက်ရှိအောင် မဲခေါင်-လန်ချန်း နိုင်ငံများ အချင်းချင်း နည်းပညာလွှဲပြောင်းမှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ၊ အကောင်းဆုံးအလေ့အကျင့်များ မျှဝေဖလှယ်ကြကာ စွန့်ဦးတီထွင် ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဌာနများ၊ တက္ကသိုလ်များ၊ စိုက်ပျိုးရေးသုတေသနဌာန၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဌာနနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဌာနအသီးသီးမှ ကျွမ်းကျင်ပညာရှင်များက နည်းပညာလွှဲပြောင်းရေးဆိုင်ရာ စီမံဆောင်ရွက်နေမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ တီထွင်ဖန်တီးသူ သုတေသနပညာရှင်များအတွက် ချီးမြှင့်ငွေပေးခြင်း၊ သုတေသနရန်ပုံငွေထားရှိခြင်း၊ စွန့်ဦးတီထွင်သူများအတွက် အခွင့်အလမ်းများ၊ အစိုးရသုတေသနဌာနများ၊ တက္ကသိုလ်များနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ စသည်တို့နှင့် သက်ဆိုင်သော အကြောင်းအရာများကို စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မဲခေါင်-လန်ချန်းနိုင်ငံများမှ ကိုယ်စားလှယ်များက နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်တီထွင်ဖန်တီးထားသည့် ပရောဂျက်ပြခန်းများကို လိုက်လံကြည့်ရှု

**မုံရွာ စက်တင်ဘာ ၇**

အစဉ်အမြဲတိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန်၊ မိမိတတ်သိထားသော ပညာရပ်များဖြင့် ဖန်တီးနိုင်သည့် ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု ပရောဂျက်များ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသော IT ပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (မုံရွာ) ဆဋ္ဌမအကြိမ် ပရောဂျက်ပြပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက်က အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကမ္ဘာသည် IT နည်းပညာကို အသုံးချပြီး အသစ်၊ အသစ်သော နည်းပညာများအား အပြိုင်အဆိုင် ပြုလုပ်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် အစဉ်တစိုက် အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရန် စက်မှုလက်မှုလုပ်ငန်းများတွင် အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်များအား ပြုစုပျိုးထောင်ပေးရန် လိုအပ်သကဲ့သို့ အမြော်အမြင်ကြီးမားပြီး စိတ်ကောင်းနှလုံးကောင်းရှိသည့် နိုင်ငံသူနိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ ကမ္ဘာ့အဆင့်အတန်းမီ ပညာရေးစနစ်ဖြစ်လာစေရန် သုတေသနလုပ်ငန်းများ၊ ဆန်းသစ်တီထွင်မှုများ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအနေဖြင့် အလေးထားကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကျောင်းသား ကျောင်းသူများ၏ ပြခန်းတစ်ခုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ်က ဆဋ္ဌမအကြိမ် ပရောဂျက်ပြပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက ပါမောက္ခချုပ်ထံ ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသား ကျောင်းသူများကိုယ်တိုင် တီထွင်ဖန်တီးထားသည့် ပရောဂျက်ပြခန်း ၂၃ ခန်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လုပ်သား(လိုင်း)ဝန်ထမ်းများ၏ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်နေသော လုပ်သား (လိုင်း) ဝန်ထမ်းများ၏ အခြေခံလျှပ်စစ် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲကို ယမန်နေ့က ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ရုံးချုပ်) မြေညီထပ် စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ဝင် (၃) ဦးမင်းစိန်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ လုပ်ငန်းသုံး ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊ လုပ်ငန်းတာဝန်များ ထိရောက်စွာ သိရှိဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၄၀ ဖြင့် ရက်သတ္တပတ် နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရသေ့တောင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ရသေ့တောင် စက်တင်ဘာ ၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း (ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်) ထုတ်လုပ်ခြင်း သင်တန်းကို စက်တင်ဘာ ၄ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူးရုံးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းနှင့် ပတ်သက်ပြီး သင်တန်းသား သင်တန်းသူများအား သိသင့်သိထိုက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး-နည်းပညာ)က ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းဖြင့် သာယာဝပြောသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကို ရက် ၂၀ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# အနောက်အုပ်စု၏ မီဒီယာဗိုလ်ကျစိုးမိုးမှုအောက်မှ ရုန်းထွက်ရန်ကြိုးပမ်းလာသည့် မီဒီယာအင်အားသစ်များ

**ခင်ရတနာ**

ပြီးခဲ့တဲ့ကမ္ဘာ့ဖလားဘောလုံးပွဲမတိုင်မီ သတင်းစာရှင်းလင်းပွဲမှာ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက **"ကျွန်တော်က ဥရောပသားတစ်ဦးပါ။ ဥရောပသားတွေနဲ့ အနောက်ကမ္ဘာကနေ သင်ခန်းစာတွေ အများကြီး ကျွန်တော်တို့ရခဲ့တယ်။ သူများတွေရဲ့ အပြစ်အနာအဆာတွေကို အခုမပြောနဲ့ဦး။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ လောက် လုပ်ခဲ့တာတွေအတွက် နောက်နှစ်ပေါင်း ၃၀၀၀ လောက်တောင် ကျွန်တော်တို့ တောင်းပန်နေသင့်တာ။ အခုလို အခြားသူတွေအပေါ် ဝေဖန်ထောက်ပြနေတာတွေက ဥရောပသားတွေရဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမှုသက်သက်ပဲ"**လို့ မီဒီယာတွေနဲ့ ဝေဖန်ရေးတွေကို တုံ့ပြန်ခဲ့တာတွေကြောင့် အနောက်ဥရောပမီဒီယာတွေ အတော်လေး ခံပြင်းခဲ့ကြပါတယ်။

ကာတာကမ္ဘာ့ဖလားဘောလုံးပွဲ မစတင်မီကတည်းက ဝေဖန်မှုမျိုးစုံထွက်ပေါ်နေတဲ့အပေါ် ဖီဖာဥက္ကဋ္ဌက တုံ့ပြန်တာပါ။ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်တဲ့အရေး၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ လိင်ခွဲခြားမှုအကြောင်းပြချက်တွေနဲ့ ဝေဖန်မှုပေါင်းစုံကို ကာတာနိုင်ငံဘက်ကနေ ရပ်တည်ပြီး သူကပြောခဲ့တဲ့အပြင် **"ကျွန်တော်က ဥရောပ ရွှေ့ပြောင်းအလုပ်သမား မိသားစုတစ်စုကနေ မွေးဖွားလာလို့ ဘဝတွေ ဘယ်လောက်ခက်ခဲတယ်ဆိုတာ နားလည်ပါတယ်။ လစာမလောက်တာ၊ မလုံခြုံတာအပြင် တစ်နေရာကတစ်နေရာ ကူးပြောင်းဖို့တောင် ခက်ခဲတာ ကြုံခဲ့ရတယ်။ ဒါပေမယ့် အခုဟာမှာ ကာတာကမ္ဘာ့ဖလား ကျင်းပခဲ့လို့သာ အာရှနိုင်ငံတွေက ရွှေ့ပြောင်းအလုပ်သမားတွေ ထောင်သောင်းချီ အလုပ်ရခဲ့ကြရတယ်။ ဆက်ပြောရရင် ဥရောပနိုင်ငံတွေကရော အခုလို ထောင်သောင်း ချီတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို အလုပ်ပေးနိုင်ခဲ့သလား"** ဆိုပြီးတော့လည်း မေးခွန်းထုတ်ခဲ့ပါသေးတယ်။ ဒ့ါအပြင် အနောက်မီဒီယာတွေက ကာတာမှာ ရွှေ့ပြောင်းအလုပ်သမား ၆၅၀၀ သေဆုံးခဲ့ရတယ်ဆိုတဲ့ ဖော်ပြမှုကို ရှုတ်ချခဲ့ပြီး သတင်းအမှားတွေဖြစ်ကြောင်းနဲ့ အမှန်တကယ်သေဆုံးတာက ၃၇ ယောက်ဖြစ်ပြီး အဲဒီထဲမှာမှသုံးယောက်သာ လုပ်ငန်းခွင်မတော်တဆမှုနဲ့ သေဆုံးတယ်လို့ မီဒီယာအမှားကို ထောက်ပြခဲ့ပါတယ်။

လွတ်လပ်သောမီဒီယာတွေရဲ့ ဘိုးအေကြီးလို့ အနောက်အုပ်စုတွေက တင်စားကြတဲ့ အမေရိကန်ပြည်ထောင်စုမှာ လွန်ခဲ့တဲ့ဆယ်စုနှစ်ကတည်းက အခုအချိန်အထိ တီဗွီ၊ ရေဒီယို၊ သတင်းစာသတင်းတွေရဲ့ အကြောင်းအရာပြည့်စုံမှု၊ ဘက်မလိုက်မှု၊ တိကျမှန်ကန်မှုနဲ့ပတ်သက်ပြီး စစ်တမ်းတွေပြုစုကာ စူးစမ်းတဲ့အခါ အမေးခံရသူ ၁၀ ဦးမှာ ခြောက်ဦးက ယုံကြည်မှုမရှိတာကို သိရသလို အွန်လိုင်းပေါ်က သတင်းတွေအတွက်တော့ ၉၀ ရာခိုင်နှုန်းက မယုံကြည်ကြဘူးလို့ သိရပါတယ်။

## အင်အားကြီးနိုင်ငံတွေက ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်

လူတိုင်းအတွက် သတင်းက ဆက်သွယ်ရေး လက်နက်ကိရိယာဖြစ်လာသလို ကမ္ဘာ့အရပ်ရပ်မှာ သတင်းစကားတွေက နေ့စဉ်နဲ့အမျှ ဖြစ်ပျက်ပေါ်ပေါက်နေတာပါ။ သတင်းတွေကို သတင်းစာဆရာတွေရဲ့ လက်ဖျား၊ နှုတ်ဖျား၊ ကလောင်ဖျားကနေ ထွက်လာဖို့ရာ သူတို့ရဲ့နောက်ခံသဘောထား၊ သတင်းဌာနတွေရဲ့ ပေါ်လစီနဲ့ သူတို့ စာဖတ်ပရိသတ်တွေအပေါ်မူတည်ပြီး တူးဆွရေးသား ဖော်ထုတ်နေကြတာဖြစ်ပါတယ်။ မီဒီယာလုပ်ငန်းတွေ ထွန်းကားပြီးချိန်မှာ စတုတ္ထမဏ္ဍိုင်လို့ ဖွင့်ဆိုခဲ့ကြပြီး watch dog (ပြည်စောင့်ခွေး) သို့မဟုတ် whistleblower (ခရာမှုတ်သမား) လို့ ခေါ်ခဲ့ကြပါတယ်။ အခုအချိန်မှာတော့ အဆင့်ဆင့်ပြောင်းလဲလာပြီး ကြီးမားကျယ်ပြန့်တဲ့ စတုတ္ထမဏ္ဍိုင်ကို ပိုင်ဆိုင်ထားတဲ့ အင်အားကြီးနိုင်ငံတွေက ကမ္ဘာကြီးကို ခြယ်လှယ်လွှမ်းမိုးချုပ်ကိုင်ဖို့ လုပ်နည်းလုပ်ဟန်တွေ ပြောင်းလဲလာသလို မီဒီယာသမားတွေရဲ့ အနှစ်သာရတွေလည်း ပုံပျက်လာခဲ့ပါတယ်။

ယနေ့အချိန်မှာ လူထုဆက်သွယ်ရေး နည်းပညာက ကမ္ဘာကိုလွှမ်းခြုံထားပြီး လူတိုင်း နေ့စဉ်နဲ့အမျှ သတင်းတွေကို စားသုံးနေကြရတဲ့အခါ အင်အားကြီးနိုင်ငံတွေက မီဒီယာကနေ ကမ္ဘာကို သူတို့မြင်စေလိုတဲ့အခြေအနေ၊ ပြချင်တဲ့ ပြကွက်တွေကိုသာ ကွက်ပြီး ပြတဲ့လုပ်ငန်းကို လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေထက် ပိုမိုအားထည့် လုပ်ကိုင်လာနေကြပါတယ်။ မီဒီယာကြီးတွေကနေ ကမ္ဘာကို လိမ်လည်ပြီး နိုင်ငံငယ်တွေကို ကမောက်ကမဖြစ်အောင်၊ သူတို့လိုလားသူတွေကို ကမ္ဘာသားတွေ သနားကရုဏာသက်အောင်၊ မလိုလားသူတွေကို မျက်မုန်းကျိုးအောင်၊ နိုင်ငံငယ်တွေအချင်းချင်း တိုက်ကြခိုက်ကြအောင်၊ အကြမ်းဖက်တတ်အောင်၊ စစ်မက်ဖြစ်ပွားအောင် စသဖြင့် မီဒီယာလက်နက် နဲ့ လက်ရုံးဆန့်လို့ရသမျှ အစွမ်းပြကြပါတယ်။ သူ့နိုင်ငံအတွင်းဖြစ်နေတဲ့ အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှု၊ လက်နက်ကိုင်အကြမ်းဖက်မှုတွေနဲ့ အလုပ်လက်မဲ့ပြဿနာတွေ၊ မူးယစ်ဆေးသုံးစွဲမှု ပျံ့နှံ့နေတာတွေ၊ အိမ်ရာမဲ့ပြဿနာတွေ အပေါ်မှာတော့ သူတို့ရဲ့မီဒီယာတွေမှာ သာမန်မျှသာ တွေ့မြင်ရမှာဖြစ်ပြီး သူတို့နဲ့ ပလဲနံပမသင့်တဲ့ အခြားနိုင်ငံတွေရဲ့ အလားတူဖြစ်ရပ်တွေအပေါ်မှာ အကြီးအကျယ်ဖြစ်အောင် နည်းလမ်းပေါင်းစုံနဲ့ အကျယ်ချဲ့ ဖော်ပြကြတာတွေလည်း တွေ့ရှိရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြည်သူအများစုကတော့ အင်အားကြီးမီဒီယာတွေရဲ့နောက်ကွယ်မှာ ဘယ်လိုလူတွေရှိနေမလဲ၊ ရည်ရွယ်ချက်က ဘာကြောင့်လဲဆိုတာမျိုးကို မေးခွန်းပြန်ထုတ်သူရှားသလို အင်အားကြီးမီဒီယာ အစုအဖွဲ့ကြီးက ဓနအင်အား၊ လူအင်အား၊ နည်းပညာ၊ အတတ်ပညာအင်အား ပြည့်စုံတဲ့အတွက် အဘက်ဘက်က အားနည်းတဲ့ နိုင်ငံတွေအဖို့ ပြန်လည်ခွန်းတုံ့ပြန်ဖို့ အခွင့်အရေးမရှိဘဲ သူတို့ရဲ့မီဒီယာ အနိုင်ကျင့်ဗိုလ်ကျမှုအောက်မှာ လိုမ့်နေအောင်ခံစားကြရပါတယ်။

အတိတ်ကိုပြန်ကြည့်ရင် ကောင်းကင်ဘုံနဲ့ဝေးပြီး အမေရိကန်နဲ့နီးလွန်းတာက လက်တင်အမေရိကနိုင်ငံတွေအဖို့ နာကျင်စရာအတွေ့အကြုံတွေကို မလိုချင်ဘဲရခဲ့ဖူးပါတယ်။ စစ်ပွဲမှာ အမေရိကန်တို့က စစ်လက်နက်တွေအပြင် ကလောင်လက်နက်ကို အဓိကအသုံးပြုခဲ့တယ်ဆိုတာ သမိုင်းမှာ ဖျောက်ဖျက်မရပါဘူး။ ဥပမာအားဖြင့် ချီလီနိုင်ငံရဲ့ ဖြစ်ရပ်မှာ ဆယ်ဗဒိုအာယန်းဒေးအစိုးရကို ဖြုတ်ချဖို့ ချီလီပြည်သူတွေရဲ့ အကျိုးစီးပွားတွေကို ပိတ်ဆို့၊ စာနယ်ဇင်းအတတ်ပညာမျိုးစုံနဲ့ ဖိအားပေး၊ နိုင်ငံရေးမငြိမ်မသက်အောင် လှုံ့ဆော်တာမျိုးတွေ၊ နီကာရာဂွာနိုင်ငံဖြစ်စဉ်သမိုင်းမှာလည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပျက်သုဉ်းအောင် အမျိုးမျိုး ဆောင်ရွက်ရာမှာလည်း အစိုးရနဲ့ ပြည်သူတွေအပေါ် ကမ္ဘာကအထင်လွဲအောင် အသရေဖျက်ခဲ့တာ၊ လတ်တလောဖြစ်ပွားနေတဲ့ ရုရှားနဲ့ယူကရိန်း ပဋိပက္ခ အရှိန်တက်အောင် မီးထိုးပေးခဲ့ရာမှာလည်း ကျောထောက်နောက်ခံတောင့်တင်းတဲ့ အင်အားကြီး မီဒီယာတွေက အဓိကလက်သည်လို့ ဆိုရမှာပါ။

## မသိနားမလည်သူတွေကို သွေးဆောင်စုစည်း

ကမ္ဘာကျော် သတင်းအေဂျင်စီအချို့ဟာ ကမ္ဘာ့နိုင်ငံငယ်တွေက ပြည်သူအများစုကြီးကို ကျုံးသွင်းပြီး အတွေးအခေါ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာတရားနဲ့ ဓလေ့ထုံးတမ်းဆိုင်ရာတွေကို ကမောက်ကမဖြစ်အောင် သူတို့ ပုံစံခွက်ထဲကို အတင်းသွတ်သွင်းနေတာကတော့ အခုမှမဟုတ်ပါဘူး။ သာဓကအားဖြင့် Aginter Press လို့ခေါ်တဲ့ သတင်းဌာနဆိုရင် ၁၉၇၀ ပြည့်နှစ်ကျော်ကာလတွေမှာ အင်အားအတော်လေးတောင့်တင်းခဲ့ပါတယ်။ ဒါပေမယ့် အဲဒီဌာနဟာ သတင်းဌာနစစ်စစ်မဟုတ်ဘဲ ပြင်သစ်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်းတစ်ဦးက ကွပ်ကဲတဲ့ဌာနဖြစ်ပါတယ်။ သူတို့က အယ်လ်ဂျီးရီးယားနဲ့ အခြားအာရပ်နိုင်ငံတွေ၊ အာဖရိကနိုင်ငံတွေအထိတိုးချဲ့ပြီး မသိနားမလည်သူတွေကို သူတို့အတွေးအခေါ်တွေဖြစ်တည်လာအောင် သတင်းလုပ်ငန်းကနေ သွေးဆောင်စုစည်းစေခဲ့တာမျိုး ရှိခဲ့ပါတယ်။

## သူတို့လိုလားချက်တွေကို ရေးသားပေးစမြဲ

ဒ့ါအပြင် လွန်ခဲ့တဲ့နှစ် ၂၀ ကျော်ကာလအတွင်း နိုင်ငံတကာကိုချုပ်ကိုင်လိုတဲ့ အမေရိကန်စုံစမ်းထောက်လှမ်းရေးအဖွဲ့ စီအိုင်အေက မီဒီယာသမားတွေကို အသုံးချလက်သပ်မွေးခဲ့သလို မီဒီယာလုပ်ငန်းတွေကိုလည်း နောက်ကွယ်က ထောက်ပံ့ပေးခဲ့တာမျိုးတွေကို စာရင်းဇယားအတိအကျနဲ့ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်ခဲ့ဖူးပါတယ်။ အခုအချိန်အထိလည်း လွတ်လပ်တဲ့မီဒီယာအမည်ခံ အနောက်မီဒီယာအများစုရဲ့နောက်ကွယ်မှာ အခြား institution တစ်ခုခုက ရှိနေစမြဲ၊ သူတို့ အားပေးထောက်ခံမှုနဲ့ မီဒီယာကလည်း သူတို့လိုလားချက်တွေကို ရေးသားပေးစမြဲပါ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ အာရှနိုင်ငံအချို့ရုန်းထလာချိန်မှာ အနောက်မီဒီယာတွေက ဘယ်လိုပုံစံနဲ့ အသိအမှတ်ပြုခဲ့ကြပါသလဲ။ အာရှတစ်လွှားစင်ပေါ်ရောက်လာတဲ့နိုင်ငံတွေထဲက သူတို့နဲ့ ပလဲနံပမသင့်တဲ့ နိုင်ငံတွေရဲ့ အားနည်းချက်တွေကို Black Propaganda (အမှောင်လုပ်ငန်းဝါဒဖြန့်ချိရေး) ကျွမ်းကျင်သူတွေနဲ့ ဖော်ထုတ်ရေးသားပြီး ကမ္ဘာက အထင်အမြင်လွဲအောင် စီးရီးလိုက်ရေးသားလုပ်ဆောင်ခဲ့ကြဖူးပါတယ်။ အာရှ၊ အာဖရိက ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေနဲ့ပတ်သက်ရင် နိုင်ငံတကာအမြင်မှာ ကောင်းမွန်တဲ့အရာတွေထက် အဆိုးအပြစ်တွေကိုပဲ မီဒီယာပေါ်မှာ မြင်ရလို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ အမှန်တရားက ပျောက်ဆုံးနေခဲ့ရပြီး အနောက်မီဒီယာတွေရဲ့ ပုံဖော်မှုကသာ လူသားထုအမြင်မှာ စွဲကျန်ရစ်စေပါတယ်။ အမှန်က ဒုစရိုက်မှုမျိုးစုံဟာ အနောက်နိုင်ငံတွေမှာ ဗွက်ပေါက်အောင် များပြားပြီးသားဖြစ်သလို အကြမ်းဖက်မှု၊ မငြိမ်မသက်မှုနဲ့ ဖိနှိပ်မှုတွေကိုတော့

> **"ယနေ့အချိန်မှာ လူထုဆက်သွယ်ရေးနည်းပညာက ကမ္ဘာကိုလွှမ်းခြုံထားပြီး လူတိုင်းနေ့စဉ်နဲ့အမျှ သတင်းတွေကို စားသုံးနေကြရတဲ့အခါ အင်အားကြီးနိုင်ငံတွေက မီဒီယာကနေ ကမ္ဘာကို သူတို့မြင်စေလိုတဲ့အခြေအနေ၊ ပြချင်တဲ့ပြကွက်တွေကိုသာ ကွက်ပြီးပြတဲ့ လုပ်ငန်းကို လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေထက် ပိုမိုအားထည့် လုပ်ကိုင်လာနေကြပါတယ်။ မီဒီယာကြီးတွေကနေ ကမ္ဘာကိုလိမ်လည်ပြီး နိုင်ငံငယ်တွေကို ကမောက်ကမဖြစ်အောင်၊ သူတို့လိုလားသူတွေကို ကမ္ဘာသားတွေ သနားကရုဏာသက်အောင်၊ မလိုလားသူတွေကို မျက်မုန်းကျိုးအောင်၊ နိုင်ငံငယ်တွေအချင်းချင်း တိုက်ကြခိုက်ကြအောင်၊ အကြမ်းဖက်တတ်အောင်၊ စစ်မက်ဖြစ်ပွားအောင် စသဖြင့် မီဒီယာလက်နက်နဲ့ လက်ရုံးဆန့်လို့ရသမျှ အစွမ်းပြကြပါတယ်"**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အခုလို တကူးတကရေးသားတာမရှိဘဲ ဖုံးဖုံးဖိဖိ ပါးပါးသာဖော်ပြခဲ့တာပါ။

၁၉ ရာစု အတွေးအခေါ် ပညာရှင် အလက်ဇီဒီတို့ကီဗီလီက **"အမှားတစ်ခုကို ပိပိရိရိ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်းပြောကြားခြင်းက အမှန်တစ်ခုကို မရေမရာ မပြတ်မသားပြောကြားခြင်းထက် ပိုအကျိုးသက်ရောက်မှုကြီးမားတယ်"** လို့ဆိုခဲ့ပြီး ဒီအတွေးအခေါ်ကို လက်တွေ့သုံးစွဲနေကြသူတွေက ဘီဘီစီအသံလွှင့်ဌာနက သတင်းကြေညာသူတွေ၊ ဝေဖန်သူတွေဖြစ်တယ်လို့ အိန္ဒိယသတင်းစာ ဆရာကြီး ဂိုဗင်းဗီဒရာသီက သာဓကပြခဲ့တာကို မှတ်သားရပါတယ်။

အနောက်မီဒီယာတွေရဲ့ သတင်းစာသမိုင်းမှာ မမေ့နိုင်တဲ့ စာသားတစ်ကြောင်း ရှိခဲ့ဖူးပါတယ်။ "You furnish the pictures and I'll furnish the war" ပါ။ အမေရိကန် သတင်းစာအင်ပါယာကြီးကို ပထမဆုံးတည်ထောင်ခဲ့တဲ့ ဝီလီယံရှူးဒေ့ါဟတ်စ်က ကျူးဘားက သူ့သတင်းထောက်ဆီကို ရိုက်ခဲ့တဲ့ ကြေးနန်းပါ။ **"မင်းက ဓာတ်ပုံတွေသာ ပို့လိုက်ကွာ၊ ငါက စစ်ပွဲကြီး ပို့ပေးလိုက်မယ်"**တဲ့။ တကယ်လည်း ရှူးဒေ့ါဟတ်စ်က ကျူးဘားကို စစ်ပွဲကြီးပို့ပေးနိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ တုံကင်ပင်လယ်ကွေ့အရေးအခင်း ဓာတ်ပုံတွေကနေ ဗီယက်နမ်စက်တပ်လေ့တွေက အမေရိကန်စစ်သင်္ဘောတွေကို ရန်စ ပစ်ခတ်တယ် ဆိုတဲ့သတင်းကို အဆာပလာတွေနဲ့ ပေါင်းစပ်ပြီး သူတို့ချုပ်ကိုင်ထားတဲ့ မီဒီယာတွေက ဖော်ပြလိုက်တဲ့အခါ ကမ္ဘာက မျက်စိလည်ပြီး သင့်တော်ကြောင်း ခေါင်းညိတ်လိုက်ရာကနေ ဗီယက်နမ်စစ်ပွဲကြီး စတင်ခဲ့ရဖူးပါတယ်။

## နယ်ချဲ့ဝါဒီတွေရဲ့ အမှောင့်လုပ်ငန်းတွေကို ခုခံဖို့ နိုးကြားလာ

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ အမေရိကန် ပြည်ထောင်စုနဲ့ အနောက်အင်အားကြီးနိုင်ငံတွေက ထောက်လှမ်းရေးအေဂျင်စီတွေအတွက် အလုပ်လုပ်ပေးနေတဲ့ ဒါမှမဟုတ် အလုပ်လုပ်ပေးနေရတာကို မသိနားမလည်တဲ့ သတင်းသမားတွေနဲ့ မီဒီယာတွေ များစွာပေါ်ပေါက်နေကြပြီး သူတို့က ကိုလိုနီလက်သစ်ဝါဒ ဩဇာနယ်ပယ်အတွင်းမှာ သွန်လိုသွန် မှောက်လိုမှောက် ပြုလုပ်နိုင်ရေး၊ သူတို့လုပ်သမျှကို ကမ္ဘာ့လူထုပရိသတ်ကြီးတစ်ခုလုံးက မျက်စိမှိတ်ပြီး အကောင်းမြင်လာစေရေးကို အကြီးအကျယ် လုံ့လပြုနေကြပါတယ်။ တစ်ဖက်မှာတော့ ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများနဲ့ အနောက်အုပ်စုနဲ့ ပလဲနံပမသင့်တဲ့နိုင်ငံတွေက နယ်ချဲ့ဝါဒီတွေရဲ့ သဘောတရားရေးရာ အမှောင့်လုပ်ငန်းတွေကို ပြတ်ပြတ်သားသား ခုခံနိုင်ဖို့ နိုးကြားလာကြတာကို မြင်တွေ့ရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြည်သူတွေဆီကို မီဒီယာပလက်ဖောင်းအမျိုးမျိုးကနေ ဝင်ရောက်လာတဲ့ ကိုလိုနီလက်သစ်သတင်းတွေနဲ့ သူတို့အတွေးအခေါ်၊ သူတို့ယဉ်ကျေးမှုတွေ စိမ့်ဝင်လာနေပြီး လူငယ်တွေနဲ့ ကလေးသူငယ်တွေအဖို့လည်း သူတို့အတွေးအခေါ်တွေဟာ ကာတွန်း၊ ရုပ်သံနဲ့ အွန်လိုင်းပေါ်မှာ ဆွဲဆောင်မှုအပြည့်နဲ့ နေရာယူလာနေတာကို မြင်တွေ့နိုင်ပါတယ်။ တကယ်တော့ အနောက်မီဒီယာတွေဟာ သူတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ပေါက်ရောက်စေဖို့ လှပတဲ့အတွေးအခေါ်တွေနဲ့ ခံစားမှုတွေကို ထည့်သွင်းသကာလောင်းထားကြတယ်ဆိုတာကို သတိချပ်ကြဖို့လိုပါတယ်။

**အနောက်မီဒီယာအများစု ဝါဒဖြန့်ကြရာမှာ အသွင်အပြင်နဲ့ နည်းစနစ်တွေ၊ အခြေခံမူချထားတာမျိုးတွေမရှိဘူးလို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပေမယ့် လိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးရာသီဥတုအပေါ်ကို မူတည်ပြီး အတွေးအခေါ်ပိုင်းဆိုင်ရာ အမှောင့်လုပ်ငန်းတွေကို ပုံဖော်လေ့ရှိပါတယ်။ အနောက်မီဒီယာဟာ ပစ်မှတ်နိုင်ငံရဲ့ အမျိုးသားရေးလှုပ်ရှားမှုအခြေအနေ၊ ခေါင်းဆောင်ပိုင်းတွေရဲ့ တုံ့ပြန်ကာကွယ်နိုင်စွမ်းနဲ့ နိုင်ငံရဲ့ ပထဝီအခြေအနေ၊ လူထုရဲ့ ပညာအရည်အချင်း စတာတွေကိုတွက်ချက်ပြီး အားနည်းချက်ကွက်လပ်တွေကို ရှာဖွေဖော်ထုတ်တတ်ကြပါတယ်။ အနောက်အင်အားကြီးနိုင်ငံတွေရဲ့ မီဒီယာကြီးတွေအများစုက အဖျက်လုပ်ငန်းကျော့ကွင်း (the snare of the ideological saboteurs) တွေမှာ အမြဲပါဝင်ပြီး သူတို့အနေနဲ့ အမှန်တရားကို ပြောဖို့ ရေးဖို့ထက် နိုင်ငံအသီးသီးက အတိုက်အခံတွေကို ဘယ်လိုအားပေးကူညီရမလဲ၊ တိုင်းပြည်တွေ ပျက်သုဉ်းအောင် ဘယ်လိုအားထုတ်ရမလဲဆိုတဲ့ အပျက်ဘက်ကိုဦးတည်နေတာကတော့ အထင်အရှားပါပဲ။**

အများဘက်က ရပ်တည်နေပါတယ်ဆိုတဲ့ မီဒီယာကြီးတွေဟာ နယ်ချဲ့ဝါဒီတို့ရဲ့ အာဘော်ကို ထင်ဟပ်နေတယ်ဆိုတာကို ဝေဖန်လာတဲ့အခါတိုင်းမှာ လွတ်လပ်တဲ့မီဒီယာတွေလို့ တွင်တွင်အော်နေကြဆဲပါ။ သူတို့လုပ်ရပ်တွေကို ဖုံးကွယ်ဖို့အတွက် သတင်းတင်ပြပုံဟန်ပန်နဲ့ နည်းစနစ်တွေကို ဘယ်လိုပဲပြောင်းပါစေ မပြောင်းလဲတာကတော့ ကမ္ဘာ့ဗိုလ်ကျစိုးမိုးရေးဝါဒီတွေဖြစ်တဲ့ နိုင်ငံကြီးတွေရဲ့အကြိုက် လိုက်ရေးနေတဲ့ ပုံစံခွက်ထဲမှာ တစ်သမတ်တည်းရှိနေဆဲပဲဖြစ်ပါတယ်။ ဒါကြောင့်သာ ကမ္ဘာပေါ်မှာ သူတို့နဲ့ အဆင်ပြေတဲ့ အစိုးရကို သူ့ရဲကောင်းတပ်ဖွဲ့ဝင်တွေ၊ မဟာမိတ်တွေလို့ သုံးစွဲပြီး သူတို့အဆင်မပြေတဲ့ အစိုးရတွေကို ဖက်ဆစ်တွေလို့ သုံးနှုန်းကြခြင်းပါ။ သူတို့မြှောက်ပင့်ပေးတဲ့ အတိုက်အခံနဲ့ ပုန်ကန်သူတွေကို မျိုးချစ်တပ်ဖွဲ့တွေ၊ သူ့ရဲကောင်းတွေလို့ ဆိုကြသလို သူတို့နဲ့ **အဆင်မပြေတဲ့အတိုက်အခံတွေနဲ့ ပုန်ကန်သူတွေကို သူပုန်လို့ ပြောင်ပြောင်တင်းတင်း သုံးစွဲနေကြခြင်းပါ။ ဒါက ဘက်မလိုက်သတင်းဌာနတွေလို့ ကြွေးကြော်နေပြီး သူတို့နိုင်ငံတွေရဲ့ အကျိုးစီးပွားအတွက် အဖြစ်မှန်ကို မျက်ကွယ်ပြုပြီး ဘက်လိုက်နေခြင်းပဲ မဟုတ်ပါလား။**

အနောက်မီဒီယာရဲ့ အဓမ္မမှုတွေကို သည်းမခံနိုင်တော့တဲ့အခါ နိုင်ငံအချို့ဟာ ကိုယ်ပိုင်မီဒီယာတွေကနေ ဖော်ထုတ်ရေးသားတာ၊ ပြန်လည်တုံ့ပြန်တာမျိုးကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ခဲ့ကြပြီး နိုင်ငံအချို့ကတော့ စည်းလုံးညီညွတ်စွာနဲ့ တန်ပြန်ထိုးစစ်စတင်ဖို့ ပြင်ဆင်လာခဲ့ကြပါပြီ။ ဒီအထဲမှာ စည်းလုံးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အဓိကပြသတဲ့ အဖွဲ့ကတော့ BRICS (ဘရစ်ခ်စ်) အဖွဲ့ဝင်နိုင်ငံတွေက မီဒီယာခေါင်းဆောင်တွေပဲ ဖြစ်ပါတယ်။ မကြာခင်က ကျင်းပပြုလုပ်ခဲ့တဲ့ BRICS Media Forum (ဘရစ်ခ်စ်မီဒီယာဖိုရမ်) က ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အသံတွေကို စုစည်းနိုင်ခဲ့ပါတယ်။ (၆) ကြိမ်မြောက် ဘရစ်ခ်စ်မီဒီယာဖိုရမ်ကို ဂျိုဟန်နက်စ်ဘတ်ဂ်မြို့မှာ ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့ကြပြီး သာတူညီမျှဘက်မလိုက်တဲ့ အနာဂတ်တစ်ခု ဖြစ်လာစေဖို့ ကမ္ဘာ့အထွေထွေ ရင်ဆိုင်ကြုံတွေ့နေရမှုတွေကို ကိုင်တွယ်ဖြေရှင်းကြမယ့် မီဒီယာတွေဖြစ်လာဖို့ စုပေါင်းဆွေးနွေးခဲ့ကြပါတယ်။

မီဒီယာဖိုရမ်ကို နိုင်ငံပေါင်း ၃၀ ခန့်က မီဒီယာတွေ၊ စာနယ်ဇင်းသမားတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ စုစုပေါင်းလူ ၂၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြပါတယ်။ ဖိုရမ်မှာ "BRICS and Africa: Strengthening Media Dialogue for a Strengthening and Behavied Future" ခေါင်းစဉ်နဲ့ အဓိကဆွေးနွေးခဲ့ကြတာပါ။

## BRICS မီဒီယာဖိုရမ်က အရေးကြီးပလက်ဖောင်းတစ်ခုဖြစ်လာ

"BRICS နိုင်ငံတွေက မီဒီယာတွေဟာ ဒီခေတ်ရဲ့ အရေးပါတဲ့ တာဝန်တွေကို ထမ်းဆောင်နေကြရတာဖြစ်ပြီး အခုလို ပူးပေါင်းဆောင်ရွက်ခွင့်ရတာ ဝမ်းသာမိတယ်"လို့ ဖိုရမ်ရဲ့ အမှုဆောင်ဥက္ကဋ္ဌ၊ ဆင်ဟွာသတင်းအေဂျင်စီရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဖူဟွာက ဆိုပါတယ်။ အာဖရိကအမျိုးသားကွန်ဂရက်ရဲ့ အမှုဆောင်တစ်ဦးဖြစ်တဲ့ ဒါကိုတယ်ကလည်း "၂၀၁၅ ခုနှစ်မှာ စတင်တည်ထောင်ပြီးကတည်းက BRICS မီဒီယာဖိုရမ်က မိမိတို့ ပူးပေါင်းနိုင်ငံတွေရဲ့ အသံကို မြှင့်တင်ပေးတဲ့ အရေးကြီးပလက်ဖောင်းတစ်ခုဖြစ်လာတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ရုရှားက TASS သတင်းဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် အန်ဒရီကလည်း သတင်းမှားတွေကို တုံ့ပြန်ဖို့နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးဖို့ BRICS မီဒီယာတွေကို တောင်းဆိုခဲ့သလို ဘရာဇီးက ဘဏ္ဍာရေးနဲ့ စိုက်ပျိုး ရေးကဏ္ဍတွေအတွက် သတင်းအချက်အလက်ပံ့ပိုးသူ CMA လုပ်ငန်းစုအကြီးအကဲ ဂျို့စ်ကလည်း ယုံကြည်ရပြီး ဘက်မလိုက်တဲ့ သတင်းအချက်အလက်တွေရဲ့ အရေးကြီးပုံကို မီဒီယာဖိုရမ်မှာ မျှဝေပေးခဲ့ပါတယ်။ အခုလို မီဒီယာဖိုရမ်မှာ ဆက်သွယ်ချိတ်ဆက်ကြရပြီး အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးနယ်ပယ်တွေမှာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ရှာဖွေသင့်ကြောင်း ပြောကြားခဲ့ပါတယ်။ တောင်အာဖရိက လွတ်လပ်သောမီဒီယာရဲ့ အမှုဆောင်ဥက္ကဋ္ဌ အစ်ဘယ်ဆာဗေးက ဖိုရမ်ကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို မီးမောင်းထိုးပြခဲ့ပြီး အားလုံးရဲ့အမြင်တွေနဲ့ မျှော်လင့်ချက်တွေကို ထုတ်ဖော်ခဲ့ပါတယ်။

## မီဒီယာကို အသုံးချခံအဖြစ် မရပ်တည်ကြဖို့ ထောက်ပြ

ဖိုရမ်အတွင်းမှာ ဆင်ဟွာသတင်းဌာန အကြီးအကဲက BRICS အဖွဲ့ဝင်နိုင်ငံတွေရဲ့ မီဒီယာတွေ ပူးပေါင်းဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာ ရေးသားဖော်ပြချက်တွေနဲ့ မီဒီယာကို ၎င်းတို့အလိုကျ လက်ဝါးကြီးအုပ်ချင်နေကြတဲ့ နိုင်ငံတွေအကြားမှာ BRICS မီဒီယာခေါင်းဆောင်တွေက ရပ်တည်ချက်ခိုင်ခိုင်မာမာရှိဖို့လိုအပ်တာကို ထည့်သွင်းဆွေးနွေးခဲ့ပြီး ပဋိပက္ခတွေကို မီးမွှေးဖို့၊ အသုံးချခံအဖြစ် မရပ်တည်ကြဖို့လည်း ထောက်ပြခဲ့ပါတယ်။ အနောက်အုပ်စုမီဒီယာတွေရဲ့ ပုံဖျက်မှုတွေဖြစ်တဲ့ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာတွေ၊ ဘာသာစကားတွေနဲ့ ဆန်းသစ်တီထွင်မှုတွေကို အချင်းချင်း ဖော်ထုတ်ကြဖို့ စိတ်အားထက်သန်နေကြတာကိုလည်းဖိုရမ်မြင်ကွင်းတွေအရ သိရှိရပါတယ်။ မကြာမီကာလအတွင်းမှာ အိန္ဒိယရဲ့ အာကာသခရီး စူးစမ်းလေ့လာမှုတွေ၊ တရုတ်ရဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ တိုးတက်မှုတွေ၊ တောင်အာဖရိကနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ တိုးတက်မှုတွေကို BRICS အဖွဲ့ဝင်နိုင်ငံတွေရဲ့ မီဒီယာအသီးသီးမှာ မြင်တွေ့ခွင့်ရလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးထိပ်တန်းရောက်လာနေမှုနဲ့ လူမှုရေးဆိုင်ရာ တိုးတက်အောင်မြင်မှုတွေကို နိုင်ငံရေးမတည်မငြိမ်ဖြစ်မှု၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုအစရှိတဲ့ သတင်းခေါင်းစီးကြီးတွေနဲ့ တားဆီးပိတ်ပင်၊ အနုတ်လက္ခဏာဆောင်တဲ့ သတင်းတွေကိုသာ စွဲစွဲမြဲမြဲဖော်ပြခံခဲ့ရာကနေ အဲဒီလို အတားအဆီးအပိတ်အပင်နဲ့ ကိုလိုနီနယ်ချဲ့ မီဒီယာတွေကို ချိုးဖျက်လို့ ဆဋ္ဌမအကြိမ်မြောက် ဘရစ်ခ်စ်မီဒီယာဖိုရမ်ရဲ့ရည်ရွယ်ချက်အတိုင်း သာတူညီမျှပြီး ဘက်လိုက်မှုမရှိတဲ့ အနာဂတ်ဆီကို လမ်းဖောက်ကြရတော့မှာပဲ ဖြစ်ပါတယ်။

အနောက်နိုင်ငံမီဒီယာတို့ စီစဉ်ထားတဲ့ မူဘောင်အတွင်းက လွတ်ကင်းနိုင်တာနဲ့ တစ်ဖက်သတ်မီဒီယာတွေကြောင့် ဖုံးကွယ်နေရတဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အန်တုရင်ဆိုင်မှုနဲ့ အလားအလာကောင်းတွေကို ထုတ်ဖော်တင်ဆက်နိုင်တော့မယ့်အပြင် BRICS အဖွဲ့ဝင်တွေရဲ့ သတင်းအချက်အလက် ဝေမျှတာတွေသာမက အာရှ၊ အာဖရိကဒေသအလွန် လူထုပရိသတ်ရဲ့ အသံတွေကိုပါ ကမ္ဘာက မကြာမီ ကျယ်ကျယ်လောင်လောင် ကြားတွေ့ရတော့မယ်လို့ ယုံကြည်မျှော်လင့်လိုက်မိပါတယ်။ ॥

**ကိုးကား။ မီဒီယာစစ်မျက်နှာ(ဖိုးလမင်း)**

www.pressnaz.com

www.parliament.gov.za

❂ **အနောက်မီဒီယာရဲ့ အဓမ္မမှုတွေကို သည်းမခံနိုင်တော့တဲ့အခါ နိုင်ငံအချို့ဟာ ကိုယ်ပိုင်မီဒီယာတွေကနေ ဖော်ထုတ်ရေးသားတာ၊ ပြန်လည်တုံ့ပြန်တာမျိုးကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ခဲ့ကြပြီး နိုင်ငံအချို့ကတော့ စည်းလုံးညီညွတ်စွာနဲ့ တန်ပြန်ထိုးစစ်စတင်ဖို့ ပြင်ဆင်လာခဲ့ကြပါပြီ။ ဒီအထဲမှာ စည်းလုံးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အဓိကပြသတဲ့အဖွဲ့ကတော့ BRICS (ဘရစ်ခ်စ်) အဖွဲ့ဝင်နိုင်ငံတွေက မီဒီယာခေါင်းဆောင်တွေပဲ ဖြစ်ပါတယ်**

■ **မကြာခင်က ကျင်းပပြုလုပ်ခဲ့တဲ့ BRICS Media Forum (ဘရစ်ခ်စ်မီဒီယာဖိုရမ်)က ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အသံတွေကို စုစည်းနိုင်ခဲ့ပါတယ်။ (၆)ကြိမ်မြောက် ဘရစ်ခ်စ်မီဒီယာဖိုရမ်ကို ဂျိုဟန်နက်စ်ဘတ်ဂ်မြို့မှာ ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့ကြပြီး သာတူညီမျှဘက်မလိုက်တဲ့ အနာဂတ်တစ်ခုဖြစ်လာစေဖို့ ကမ္ဘာ့အထွေထွေရင်ဆိုင်ကြုံတွေ့နေရမှုတွေကို ကိုင်တွယ်ဖြေရှင်းကြမယ့် မီဒီယာတွေဖြစ်လာဖို့ စုပေါင်းဆွေးနွေးခဲ့**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦးတွေ့ရှိ

(၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ (၆-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၅၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

HE CHUNG CORPORATION LIMITED
Notice under Myanmar Insolvency Law(2020)
Section 147, 151, 152 and Rules 9, 15, 76, 77
( For Members' Voluntary Winding Up )

At the Extraordinary General Meeting of the Shareholders and Directors of the above company was held on (6.9.2023) through virtual meeting and resolved the followings; " Ming Sheng Co., Ltd. (Reg No. 131680902) shall be wound up voluntarily by Shareholders according to Myanmar Insolvency Law. Advocate ( U Phyoe Wai (No.16580) ) shall be appointed as the official liquidator of the company and shall have the power to the extent to carry out all procedures regarding with voluntarily winding up of the company and to liquidate the assets of the Company. Therefore, it is announced that the assets and liability from above company shall be paid or claimed from the aforementioned liquidator before (8.10.2023).

U PHYOE WAI (Advocate -16580)
Liquidator (MAIP 00144)
09 420130761

PATERE COMPANY LIMITED
Notice under Myanmar Insolvency Law(2020)
Section 147, 151, 152 and Rules 9, 15, 76, 77
( For Members' Voluntary Winding Up )

At the Extraordinary General Meeting of the Shareholders and Directors of the above company was held on (6.9.2023) through virtual meeting and resolved the followings; " PATERE CO., LTD " (Reg No. 119403499) shall be wound up voluntarily by Shareholders according to Myanmar Insolvency Law. Advocate ( U Phyoe Wai (No.16580) ) shall be appointed as the official liquidator of the company and shall have the power to the extent to carry out all procedures regarding with voluntarily winding up of the company and to liquidate the assets of the Company. Therefore, it is announced that the assets and liability from above company shall be paid or claimed from the aforementioned liquidator before (8.10.2023).

U PHYOE WAI (Advocate -16580)
Liquidator (MAIP 00144)
09 420130761

## ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းအပြီးပေးအပ်

**ပုလော စက်တင်ဘာ ၇**

ပုလောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း(၂) စီမံချက်ဖြင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ပုလောမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းအပြီး ပေးအပ်သည်။

ပန်းခင်းစီမံချက်(၂)ဖြင့် "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေး၊ နိုင်ငံသားဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရေးအတွက် ပြည်သူလူထုအားလုံး၏ လက်ဝယ်၌ ဥပဒေအရ ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးကို ကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်(၂)ဖြင့် ကွင်းဆင်း၍ ကျောင်းသား/သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုလောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူးဦးဝင်းဇာကျော်က ပြောကြားသည်။

အဆိုပါ ပုလောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ၆၆ ဦး၊ ကျောင်းသူ ၉၇ ဦး စုစုပေါင်း ၁၆၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းအပြီး ဆောင်ရွက်ပေးကာ ကျောင်းသား/ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**အေးအေးမော် (ပုလော)**



MING SHENG COMPANY LIMITED
Notice under Myanmar Insolvency Law(2020)
Section 147, 151, 152 and Rules 9, 15, 76, 77
( For Members' Voluntary Winding Up )

At the Extraordinary General Meeting of the Shareholders and Directors of the above company was held on (6.9.2023) through virtual meeting and resolved the followings; " Ming Sheng Co., Ltd. (Reg No. 131680902) shall be wound up voluntarily by Shareholders according to Myanmar Insolvency Law. Advocate ( U Phyoe Wai (No.16580) ) shall be appointed as the official liquidator of the company and shall have the power to the extent to carry out all procedures regarding with voluntarily winding up of the company and to liquidate the assets of the Company. Therefore, it is announced that the assets and liability from above company shall be paid or claimed from the aforementioned liquidator before (8.10.2023).

U PHYOE WAI (Advocate -16580)
Liquidator (MAIP 00144)
09 420130761

**စာပေ မြင့်မှ လူမျိုး တင့်မည်**

## "Music Travellers – 6" MTV မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် "Music Travellers – 6" MTV အစီအစဉ်ကို စက်တင်ဘာ ၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါအစီအစဉ်ကို တေးသံရှင်ယုန်လေးက စီစဉ်ပြီး ချောင်းသာကမ်းခြေသို့ သွားရောက်၍ တေးသံရှင် D ဖြိုး၊ အစ္စဏီ၊ ဝေလျှံ၊ ဆိုတေး၊ မွန်ဆန်အောင်၊ သာထူးအောင်၊ ဥဂ္ဂါ၊ သီဟ၊ ဂျင်းနီ၊ ယွန်းတို့သည် အခြားအနုပညာရှင်များစွာနှင့်အတူ ကမ်းခြေအလှအပများနှင့် ယှဉ်တွဲကာ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် (Replay) ထပ်မံ ထုတ်လွှင့်ခြင်းကို စက်တင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၀ ကျပ် | ၂၄၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၅၃ | ၄၉၇၇၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၁၅၂၈ | ၄၇၃၈၁၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂၆၀ | ၂၀၅၄၀၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၈၀ | ၁၃၆၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀၀ | ၄၈၀၀၀၀ |
| EFR | ၂၂၅၀ | ၂၂၅၀ | ၉၆၉ | ၂၁၄၄၈၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၈၀ | ၈၆၄၅၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၁၁၁၄ | ၂၀၀၅၂၀၀ |

ညီညီ – စုစည်းသည်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/2009 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4190 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4209 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
(ရွာသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/90586, Luojia ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်းမင်း ၇/ပခန(နိုင်) ၂၂၆၂၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀ ၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၄**
**ကွယ်လွန်သူ ဦးကေသရိန္ဒ နှင့် ဦးသောဘနဒ္ဒ ကျန်ရစ်သောပစ္စည်းအကြောင်း**

ဦးဣန္ဒေဘာသ( ၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးကျော်ထွန်းမြင့်)လျှောက်သူ။

ကချင်ပြည်နယ် ၊မြစ်ကြီးနားမြို့ ၊ အမှတ် (၁၄၀)၊ ရမ်ပူရပ်ကွက်နေ ဦးဣန္ဒေဘာသ(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကျော်ထွန်းမြင့်က ကွယ်လွန်သူ ဦးကေသရိန္ဒနှင့် ဦးသောဘန၏ အမွေဆက်ခံခွင့်လက်မှတ် ရသင့်သူ ဖြစ်သည်ဟူ၍ မြစ်ကြီးနားမြို့ ၊ ခေမာသီရိရပ်ကွက်၊ ခေမာသီဝံပရိယတ္တိ စာသင်တိုက်နေ ၎င်းကွယ်လွန်သူ ဦးကေသရိန္ဒနှင့် ၊ဦးသောဘနမှာ ကျန်ရစ်သော ပစ္စည်းများ ထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေ အရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကေသရိန္ဒနှင့် ဦးသောဘနမှာ ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ ရရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ ( ၆ ) ရက် ( ၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးဣန္ဒေဘာသ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးကျော်ထွန်းမြင့် )၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အုန်းမြင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မြစ်ကြီးနားခရိုင်တရားရုံး

## ဖခင်အမည်မှန်

မကွေးမြို့၊ နေခြည် ကိုယ်ပိုင်အထက်တန်း ကျောင်း Grade-12 မှ မောင်အာကာထူး၏ ဖခင် ဦးဝင်းထူး၏ အမည်မှန်မှာ ဦးအောင်ဝင်းထူး ၈/မကန (နိုင်) ၁၂၈၅၉၁ ဖြစ်ပါကြောင်း။

ဦးအောင်ဝင်းထူး

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အမက (၁၅) ကန်ပြား(အနောက်) Grade-2မှ မောင်ရှိုင်းမြတ်ဦး၏ ဖခင် ဦးဝင်းထူး၏ အမည်မှန်မှာ ဦးအောင်ဝင်းထူး ၈/မကန (နိုင်) ၁၂၈၅၉၁ ဖြစ်ပါကြောင်း။

ဦးအောင်ဝင်းထူး

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၅) Grade-12မှ နန်းဆိုင်ဖောင်း ၁၃/ပပက(နိုင်)၀၁၆၄၄၄၏ ဖခင် အမည်မှန်မှာ စိုင်းသန်းအောင်မိုး ၁၃/မတန(နိုင်) ၀၀၇၃၄၆ ဖြစ်ပါကြောင်း။

ဦးစိုင်းသန်းအောင်မိုး

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ မင်္ဂလာဦး ရပ်ကွက်နေ ဦးလှဝင်း၏သား စိုင်းအောင်ဆန်း ၁၃/ကဟန(နိုင်) ၀၂၀၅၇၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (M-069177)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၂၆၀၇၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်45W/52776, SYM Bonus 110 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တောင်ကြီး

## ၇-၉-၂၀၂၃ ရက် (ကြာသပတေးနေ့) ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁) ပါ ဦးမောင်မောင်အေး DSA အပတ်စဉ် (၂၀)၊ မေမြို့၊ အသက် (၆၈)၊ နာရေးကြော်ငြာတွင် ဖော်ပြထားသော ဦးတင်ငွေလေး နှင့် ဒေါ်မမခင် တို့၏သားကြီးဟု ဖော်ပြချက်မှာ မှားယွင်းပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

၇-၉-၂၀၂၃ ရက် (ကြာသပတေးနေ့) ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁) ပါ ဦးမောင်မောင်အေး DSA အပတ်စဉ် (၂၀)၊ မေမြို့၊ အသက် (၆၈)၊ နာရေးကြော်ငြာတွင်ပါရှိသော မန္တလေးတိုင်းဒေသကြီး၊ အမှတ် (၁၃၉)၊ ခြံအမှတ် (၁၅)၊ ဗိုလ်ချုပ်လမ်း၊ ပြင်ဦးလွင်မြို့နေ (ဦးတင်ငွေလေး) ပါမောက္ခ (ငြိမ်း)၊ သချ်ာဌာန၊ မေမြို့ စစ်တက္ကသိုလ်၊ (ဒေါ်မမခင်) ကထိက (ငြိမ်း) သမိုင်းဌာန၊ မန္တလေးတက္ကသိုလ်တို့၏သားကြီးဟူသော ပထမဆုံးစာကြောင်းရှိ နေရပ်လိပ်စာ၊ သေဆုံးသူ၏ မိဘဟူသော စာသားတစ်ကြောင်းလုံးသည် သေဆုံးသူ ဦးမောင်မောင်အေးနှင့် လုံး၀ (လုံး၀) မသက်ဆိုင်ပါကြောင်းနှင့် ဆွေမျိုးတော်စပ်ခြင်းလည်း အလျဉ်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူ | | လွှဲအပ်ခံရသူ- |
|---|---|---|
| သမီးကြီး | သားငယ် | ဦးအောင်သီဟ (LL.B) |
| ဒေါ်ကြူကြူရည် | ဦးအေးသန်း | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၆ )(၁၃.၁၂.၂၀၁၈) |
| ၉/မမန (နိုင်) ၀၁၈၅၉၉ | ၉/မမန (နိုင်) ၀၀၀၁၄၂ | ဖုန်း-၀၉-၇၈၄၃၂၀၁၇၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ပညာတန်ဆောင်(၂)လမ်း၊ မြေကွက်အမှတ် (၂၁၃/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးကျော်ဇေယျာဦး (၁၂/လသန (နိုင်) ၀၁၄၆၃၆) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချောစုအောင် (၁၂/တမန (နိုင်) ၁၀၃၆၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးကျော်စိုးဦး |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့်- ၅ ၊ နည်းဥပဒေ - ၂၀ )**
**အောင်လံမြို့နယ်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၂**

| | | |
|---|---|---|
| မအေးပပလှိုင် | နှင့် | မောင်နှင်းမောင် |
| (တရားလို) | | (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ရန်ကင်း (၁)လမ်းနေ တရားပြိုင် မောင်နှင်းမောင်(ဘ)ဦးအုန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အောင်လံမြို့၊ စက်ရုံရပ်ကွက်နေ တရားလို မအေးပပလှိုင်မှ လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ ၂၈ ရက် ( ၁၃၈၅ ခုနှစ် ၊တော်သလင်းလဆန်း ၁၄ ရက် )မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သောရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က လာရောက်ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်စေရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့ နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ၊ ဩဂုတ် လ ၂၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်သူကျော်)
မြို့နယ်တရားသူကြီး
အောင်လံမြို့နယ်တရားရုံး

## အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ အထက(၃)မူဆယ် Grade-7(A)မှ ဦးရန်ကျားပီ၏သမီး မရန်ဂျော်ဝှေ့ (က/၀၁၈၇)၏ အမည်မှန်မှာ မရန်ယော်ဝှေ့ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက (၈) Grade-12မှ မိဒေဝီချမ်း၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်လင်းထက် ၁၀/ရမန(နိုင်) ၁၅၃၃၀၆ ဖြစ်ပါကြောင်း။

ဦးဉာဏ်လင်းထက်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/85904 ယာဉ်လက်ဝယ်ရှိသူ ဦးတိုးထက်အောင် ၉/တကန(နိုင်) ၁၉၇၀၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/51020 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၉/ရမသ(နိုင်) ၀၄၇၁၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရမည်းသင်း)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်.၁၆၁၃၊ နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ၊ ဦးကံညွှန့် ၁၂/ဗဟန(နိုင်)၀၂၅၇၄၄ထံမှ ကျွန်ုပ်တို့၏ အမှုသည် ဦးအောင် ၅/ယမပ(နိုင်)၀၆၂၀၆၆ သည် ဝယ်ယူခဲ့ရာ အဆိုပါ အိမ်နှင့်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်လိုပါသဖြင့် သတင်း စာတွင်ပါရှိသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ဆက်သွယ်ပေးပါရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခိုင်ဆုဝေ (LL.B) | ဒေါ်မိုးမီမီခိုင် (LL.B) |
| အထက်တန်းရှေ့နေ (စဉ် - ၅၃၃၆၉) | အထက်တန်းရှေ့နေ(စဉ်- ၅၃၄၉၁) |

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၅၀၀၂၈၁၀၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၈၉၊ မြေကွက်အမှတ်(၂၅၆)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်မိုးမိုးစန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးမွန် ၁၂/သလန(ပြု)၀၀၆၆၇၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ -၇၉၅၆ ၈၃၃၇၈

SHWE SHAN TAUNG
ရွှေရှမ်းတောင်

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း ၊ လားရှိုးမြို့၊ ရပ်ကွက်(၄) ၊ နယ်မြေ (၁၅)၊ ရတနာပုံလမ်းသွယ်(၁)၊ ကျန်စစ်သားလမ်း၊ အိမ်အမှတ်(၂၃၉) တွင် နေထိုင်သော ဦးခွန်အောင် ၁၃/လရန(နိုင်)၂၂၈၇၈၀ သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် စားသောက်ကုန်လုပ်ငန်းကို လားရှိုးမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်း မူပိုင်ခွင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက် အတွင်းကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဦးခွန်အောင်
၁၃/လရန(နိုင်)၂၂၈၇၈၀

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1C/2021 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃-ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၃၅/ဘီ)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅)လွှာ၊ တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း၊ တိုက်ခန်းအကျယ်အဝန်း(၁၉ပေx၅၄ပေ)ရှိ တိုက်ခန်း တစ်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဖြိုးမေ ၁၂/မဂဒ(နိုင်)၁၄၂၇၈၈ က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လဲ့ယဉ်ဝင်း ၁၂/ဥကတ(နိုင်)၀၅၆၆၁၁ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)
LL.B, D.B.L, Dip in English
တရားလွှတ်တော်ရှေ့နေ
တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)၊ပထမထပ်၊၃၅-လမ်း(အောက်)၊
ကျောက်တံတား မြို့နယ်။ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက် အမှတ်(၁၂)၊ ဘရဏီ(၃)လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၁၀၇/ခ)၊ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးထပ်ခွဲလူနေ အဆောက်အအုံ၏ တစ်ခန်းတွဲဆောက်လုပ်ထားသည့် အကျယ်(၁၈ x ၅၂)ပေရှိ မှန်ခန်းထပ်၊ မှန်ခန်းလွှာတစ်ခုလုံး အပါအဝင် ဆက်နွယ်နေသောအကျိုးခံစားခွင့်များကို ပိုင်ရှင်အဖြစ်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့်ဦးခင်မောင်အေး ၁၄/မအပ(နိုင်)၀၁၉၂၂၂က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးမြအေး ၁၂/ဥကတ(နိုင်)၁၁၈၇၀၃ က ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ယနေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်၍ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြအေး ၁၂/ဥကတ(နိုင်)၁၁၈၇၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နှင်းအိဇာ LL. B., D. B. L.
တရားလွှတ်တော်ရှေ့နေ (စဉ် -၁၃၂၂၇)
အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ -၇၈၉၉၁၉၃၆၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ကံဘဲ့)၊ မြေကွက်အမှတ်(၁၃၂/က-A)၊ အမှတ်(၁၁/က)၊ အရိယာမဂ္ဂင်လမ်း၊ ဧရိယာ(၀ဒသမ၀၅၄)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ငယ်(ခ)ဒေါ်မိုးမိုး ၁၀/ မလမ (ဧည့်) ၀၀၀၀၁၀ အမည်ပေါက် တည်ရှိပြီး ၎င်းထံမှ ဒေါ်မီးမီး(ခ) ဒေါ်စုစုခင် ၉/မရမ(နိုင်)၀၇၈၈၃၈ မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အစ်မဖြစ်သူ ဒေါ်ဖြူဖြူခင် ၉/မနမ(နိုင်)၀၂၇၀၀၃ မှ အမည်ပေါက်မှ လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၉၃၅/၂၀၂၃)ရရှိထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မွန်မွန်ချို (LL.B) | ဒေါ်စန္ဒာဝင်း(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉) |

အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆

## ရောင်းချရန်ကြော်ငြာစာ
### တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
### ရမည်းသင်းခရိုင်တရားရုံးတော်
### ၂၀၂၂-ခုနှစ် ဇာရီမှုအမှတ်-၂၅

အင်း၀ဘဏ်လီမိတက် နှင့် ၁။ ဒေါ်ထွေးအေး
(၎င်း၏ကိုယ်စားမန်နေဂျာ-ဦးစိုးမြင့်သူ) ၂။ ဒေါ်ထက်ထက်လင်း
မိတ္ထီလာဘဏ်ခွဲ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရမည်းသင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၄၆/၂၀၂၁ အမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၃-ခုနှစ်၊ အောက်တိုဘာ ၂၄ရက်၊ နံနက် ၁၀ နာရီတွင် ၎င်း ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေဒါး-သာစည်ကျေးရွာ၊ ကွင်းအမှတ်(၁၀၉၉/ညောင်ထောင့်ကွင်း)၊ မြေကွက်အမှတ် (၁၃)၊ မြေဧရိယာ (၀.၃၀)ကေရှိ ဒေါ်ထွေးအေး အမည်ပေါက် နှစ်(၃၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအားလုံးနှင့် အခြားအကျိုးခံစားခွင့်များ အားလုံး။

**လေလံကြမ်းခင်းဈေး ငွေကျပ်(၉၄၇)သိန်း**
**(ငွေကျပ်ကိုးရာလေးဆယ့်ခုနစ်သိန်းတိတိ)**
**လေလံရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**ခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမြင့်ဇော် ၅/ယမပ(နိုင်)၁၄၀၃၁၈၏ ပတ်စ်ပို့ နံပါတ် (မမှတ်မိ ) မှာ ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၉၈၀၇၀၅၀၅၂**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇေယျာဝင်း ၁၂/သဃက (နိုင်) ၁၉၀၂၀၂၏ ပတ်စ် ပို့အမှတ် MG 244492မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၃၂၀၃၄၅**

## အမည်မှန်

အင်္ဂပူမြို့နယ်၊ သူကြီးစုရွာနေ ဦးကျော်ဝင်း၏သား မောင်သော်ဇေဇေအောင် ၏ အမည်မှန်မှာ မောင်သန့်ဇင် ၁၄/အဂပ(နိုင်) ၂၅၄၀၆၀ ဖြစ်ပါကြောင်း။

**မောင်သန့်ဇင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်ဇင်ထွန်း(ဘ) ဦးအေးလွင် ၈/နမန(နိုင်) ၁၈၅၉၇၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MG-၉၀၁၉၀၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၁၈၇၃၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7F/9694 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သဖန်းကျင်းကျေးရွာအုပ်စု၊ ကျွဲခြံကျေးရွာနေ ဦးတင်ဝမ်း၏သား ကျွန်တော် မောင်ပြည့်ဖြိုးအောင် ၈/စလန(နိုင်)၂၀၁၆၁၂ ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(MG-266553)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၇၆၇၆၉၇**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သဖန်းကျင်းကျေးရွာအုပ်စု၊ ကျွဲခြံကျေးရွာနေ ဦးတင်ဝမ်း၏သား ကျွန်တော် မောင်သက်ဝေဖြိုး ၈/စလန(နိုင်)၁၇၈၆၄၇ ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် (MH-၄၈၂၃၂၄)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၄၇၁၅၈၄**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ သာယာကုန်းကျေးရွာနေ မောင်အောင်သက်ပိုင်စိုး ၈/အလန(နိုင်)၁၅၀၁၄၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၂၂၈၉၁၃**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (၄က်ပျောချောင်း) Grade-12မှ မောင်ချစ်ရင်ထူး (ကျောင်းဝင်အမှတ်-၃၆၈၆)၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ထူး ၁၄/ဝခမ(နိုင်) ၁၈၈၂၆၁ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဆတ်မြို့၊ အမှတ်(၂) အထက(ခွဲ) Grade-8မှ မမိခါ၏ ဖခင် ဦးဟေလာမိ(ခ) ဦးအားဆေ့ ၁၃/မဆန(နိုင်) ၀၂၇၄၇၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အမှတ် (၂) အထက(ခွဲ) Grade-7မှ မမေရီ၏ ဖခင်အမည်မှန်မှာ ဦးလုဘီ ဖြစ်ပါကြောင်း။

**ဦးလုဘီ**

## အမည်မှန်

တပ်ကုန်းမြို့နယ်၊ ကျေးချောင်းအုပ်စု၊ သော်တာရွာနေ ဦးသိန်းငွေ ၉/တကန(နိုင်)၁၁၈၃၈၀ ၏ အမည်မှန်မှာ ဦးစိုးသိန်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအေးသန်း(ကွယ်လွန်)၏သမီး ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အထက(ခွဲ) မြောက်နန်းချွန်ကျောင်း Grade-11မှ မအိချစ်ဖြိုးအား မချစ်ချစ်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချစ်ချစ်ဖြိုး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက (၁) G-12(A)မှ မဖြိုးအိစံ၏ ဖခင်အမည်မှန်မှာ ဦးစိုးလင်း ၉/ရမသ(နိုင်)၁၇၉၄၂၁ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဝိုင်းစန္ဒာ ၏ ပတ်စ်ပို့ အမှတ် 145940မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၇၅၈၅**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင် အောင် ၁၂/ကတတ(နိုင်)၀၂၇၅၃၁၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၁၅၀၀၇၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3B/8924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၃/၁)၊ ဦးပိုင်အမှတ် (၁၀၀+၁၃၆)၊ မြေဧရိယာ (၀.၁၁၀)ကေရှိမြေကွက်သည် မူလက ဒေါ်သန်းရီအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၆၄/V ၂၀၁၅-၂၀၁၆ အရ (၂၉-၂-၂၀၄၆) ရက်ထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်သန်းရီ(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးတိုးအောင်)က (၈-၅-၂၀၂၃) ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၂၀/၂၀၂၃) အရ မူလခြံမြေဧရိယာ(၀.၁၁၀)ကေအနက်မှ မြောက်ဘက်ခြမ်းမြေချိန်ဧရိယာ(၀.၀၃၇)ကေရှိ မြေကွက်အား ဒေါ်မွန်ရည်လှိုင် ၈/မထန(နိုင်)၀၁၁၆၅၀ ထံသို့အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်မွန်ရည်လှိုင် အမည်ဖြင့်မြေငှားဂရန် (ဦးပိုင်ခွဲ/ အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၄၊ တပ်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၂၄၆/၂ခ)၊ မြေဧရိယာ(၀.၂၄၄)ကေရှိမြေကွက်သည် ဒေါ်ဒါရှီ ရှယ်စင်အမည်ဖြင့် (၂၀၀၇-၂၀၀၈)ခုနှစ်မှစ၍ ၂၀၁၉-၂၀၂၀ခုနှစ်အထိ တစ်ဆက်တစ်စပ်တည်း ထွက်ရှိထားသောမြေကွက်ဖြစ်ပြီး ယခုအခါ ဒေါ်ဒါရှီ ရှယ်စင် ၁/ဝမန(နိုင်)၀၁၆၀၂၀အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် (၁၂-၈-၂၀၂၀)ရက်စွဲပါ ကတိသစ္စာပြုဆိုလွှာအမှတ်(၉၂၅/၂၀၂၀)ကို (၁၄-၈-၂၀၂၀)ရက်စွဲပါ ကတိသစ္စာပြုဆိုလွှာမှတ်ပုံတင်အမှတ် (၄၅၈/၂၀၂၀)ဖြင့် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/55052, TVS DaZZ 110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟသတ(နိုင်)၃၁၉၀၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၆ ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၃)၊ ယိုးဒယားတန်းအကွက်၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀.၀၇၂) ကေနှင့် ဦးပိုင်အမှတ် (၃၅/က)၊ ဧရိယာ (၀.၀၂၁) ကေရှိ ကိုအုံးမောင်-မငွေကျင်နှင့် ဦးအုန်းမောင်တို့အမည်ပေါက် အရှေ့-ဦးပိုင် (၃၅/စ)၊ အနောက်-ဘုရားလမ်း၊ တောင်-ထောင်လမ်း၊ မြောက်-ဦးပိုင် (၃၃/င) အတွင်းရှိ ဘိုးဘွားပိုင်ခြံမြေကွက်ကို ဦးသိန်းဝင်းမှ အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၄-၉-၂၀၂၃)ရက်မှ (၄-၁၀-၂၀၂၃) ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၃)၊ မြေကွက်အမှတ် (၄၆၇)၊ မီးသတ်(၁)လမ်း၊ ဦးဆူးကူးမား (ISN-၇၅၄၂၇) အမည်ပေါက် မြေချပါမစ်မူရင်း ဧရိယာအကျယ်အဝန်း (ပေ၄၀ xပေ ၆၀)အနက်မှ ဧရိယာအကျယ်အဝန်း (၁၀ပေxပေ ၆၀) ပါမစ်မိတ္တူခြမ်း(၄၆၆ နှင့်ကပ်လျက်ခြမ်း)၊ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းသန်းထွန်း(၁၂/ဒဂမ(နိုင်)၀၃၈၆၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင်(၁၂/ဒဂမ(နိုင်)၀၁၁၁၄၁) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောအထောက်အထား များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/8628 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းသန္တာ ၇/တငန(နိုင်)၂၃၄၄၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်နှင့်အမည်(၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၁၈၈)၊ မြေယာအမှတ်(315-A)၊ မြေဧရိယာ(၀.၀၅၁)ကေရှိ ဂရန်မြေကွက်သည် မြို့မြေဂရန်မှုအမှတ်(၃၈၆/၂၀၁၈-၁၉)အရ ဒေါ်ခင်သီတာဝင်း အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ဒေါ်ခင်သီတာဝင်းသည် အဆိုပါဂရန်မြေအား အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (ပြင်ဦးလွင်ဘဏ်ခွဲ)တွင် ချေးငွေရယူထားစဉ် ဂရန်မူရင်းအားအပေါင်အဖြစ်ထားရှိထားရာ ယင်းဘဏ်မှထိန်းသိမ်းထားစဉ်အတွင်း ပျောက်ဆုံးသွားသည့်အတွက် ယင်းဂရန်အား မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူ မည်သူမဆို တရားဝင် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင်ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနများတွင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဂရန်မိတ္တူမှန်ရရှိရေးအတွက် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာဝင်း**
**စည်းခုံရပ်၊ အကွက်အမှတ်(၈)၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ ရတနာ(၁)လမ်း၊ မြေကွက်အမှတ် (၃၉၉)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၃၉၈)နှင့်ကပ်လျက်(၂၀ပေ × ၆၀ပေ)ရှိ ဦးတင်ရှိန် (MYG-၀၇၁၂၀၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲထွန်း(၁၂/လကန(နိုင်) ၀၈၆၂၅၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် - RA - IV/ ကွက်ပြင်(၄)၊ ဦးပိုင်အမှတ် (၅၁ - စ)၊ မြေဧရိယာ (၁ ဒသမ ၀၀) ကေရှိ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ မြေငှားဂရန်အမှုတွဲအမှတ် -၁၀၈/၂၀၁၁-၂၀၁၂၊ ဂရန်စာချုပ်နံပါတ်-၁၂၁/၂၀၁၄-၂၀၁၅အရ ဒေါ်အေးအေးကြည် (ဘ) ဦးဘစိန် (၁၂/ ဗဟန(နိုင်) ၀၄၅၉၀၉) အမည်ပေါက်လျက်ရှိသော ဂရန်မြေနှင့်ယင်းမြေပေါ်ပါ နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက တရားဝင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါဂရန်မြေနေအိမ်အဆောက်အအုံနှင့် စပ်လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ (၁၀)ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင်ဖြစ်စေ၊ ကျွန်ုပ်ထံ တွင်ဖြစ်စေ တရားဝင်ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပဝင်း (LL.B, D.B.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၈၂/၂၀၁၂)**
**အခန်းအမှတ် (၂၄)၊ YMCA တိုက်ခန်း၊ မန္တလေး-လားရှိုးလမ်းမကြီး၊**
**ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၅၀၁၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၉၈-ပဲမှိုကုန်း)၊မြေကွက်အမှတ်(၇၉/စ-၁)၊ဧရိယာ၁၁. ၄၅၃ကေ၊ မြေကွက်တည်နေရာအမှတ်(၁၁၆/င)၊စံပယ်လမ်း၊လမ်းသွယ်(၂)လမ်း၊စော်ဘွားကြီးကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ Aဘဂေါင်းအမည်ပေါက်Bမြေပိုင်(လဲ/န-၃၉)မြေအားအမည်ပေါက်ထံမှအင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၇၄/၂၀၁၂)(၁၈. ၁၀. ၂၀၁၂)ရက်စွဲပါတရားရုံးစီရင်ချက်အမိန့်နှင့်ဒီကရီတရားမဇာရီမှု အမှတ် ၄၇/၂၀၁၆၊အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၉၇၀/၂၀၂၁(၂၃. ၆. ၂၀၂၁)ဖြင့်ဧရိယာ(၁၁. ၄၅၃)ကေရှိမြေကွက်ထဲမှတရားဝင်မခွဲမစိတ်ရသေးသည့်အစိတ်အပိုင်း( အလျား×အနံ )( ၁၇၄'/၉၃' + ၄၄'၇''+ ၅၄'၁၀''× ၆၀'/၄၀' + ၁၀'၇'')ဖြင့် ဦးမျိုးဝေမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၎င်းထံမှအရောင်းအဝယ် စာချုပ်အမှတ် ၆၂၂၇/၂၀၂၂ ( ၂၆. ၈. ၂၀၂၂ )ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ခင်သက်ချော ( ၇/အဖန(နိုင်) ၀၀၀၀၈၇ )မှ တရားရုံးအမိန့်များ၊ အရောင်းအဝယ်စာချုပ်၊ အခွန်ထမ်းဆောင်ထားသောအမြတ်ခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန်မြေပုံကူးနှင့်မြေတိုင်းလျှောက်ထား လာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

DANISH REFUGEE COUNCIL

## Invitation To Bid (ITB)

The Danish Refugee Council (DRC) has received grants from various donors for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and requests you to submit bids for **Construction of 1 Unit Household Latrine and Sewage Treatment System in Sittwe and Mrauk Oo Townships, Rakhine State**

Tender No. : ITB–MM–STW–2023–05

ITB Issuing Date: 1st September 2023, from 09:00 am (Myanmar Time)

Closing date for clarifications: 11th September 2023, 16:00 pm (Myanmar Time)

ITB Closing Date: 14th September 2023, 16:00 hrs, (Myanmar Time)

For more information on how to obtain the full tender package, please contact to Mrauk Oo Supply Chain Department;

**Office Address:**

**No.(546), Shwe Gu Taung Street, Nyaung Pin Zay Quarter,**

**Mrauk Oo, Rakhine State**

**Maung Aung Myint**

09 250 600 949 maung.myint@drc.ngo

**Min Min Tun** min.tun@drc.ngo

09250328019

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၇၅၃/အေ)၊ (၂)ခန်းတွဲRC(၆) ထပ် အဆောက်အအုံ ၏(ပဥ္စမထပ်)၊(၆–လွှာ/ဘီ)၊တိုက်ကိုမျက်နှာမူလျှင် (ဘယ်ဘက်အခန်း) ၊ ဧရိယာ (၇၅၆) စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်သီသီမြင့် ၁၂/သကတ(နိုင်) ၁၃၁၂၃၃ ထံမှကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဘုန်းမြတ်ဝင်း ၁၂/မဂတ(နိုင်)၀၉၅၃၅၇၊ ဒေါ်အိကေကေကျော် ၁၂/ဥကမ(နိုင်)၂၂၈၁၉၅ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်းတိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက် အထိကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဘုန်းမြတ်ဝင်း၊ ဒေါ်အိကေကေကျော် တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၅၅)**

**အမှတ်(၁၄) ၊ကျိုက်ခေါက်ဘုရားလမ်း၊Star City၊ သန်လျင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း–၀၉–၄၂၁၁၅၇၈၅၆၊ ၀၉–၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မိုးဝေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်) မြေကွက်အမှတ်(JW– ၀၃၀–ဘီ) အလျား ၂၇၁/ ၂၇၀ ပေ၊ အနံ ၂၅၀ပေ၊ မြေဧရိယာ (၁ဒသမ၅၅၇)ဧက၊ စတုရန်းပေ(၆၇၈၃၈)ရှိ အမည်ပေါက် ဒေါ်အေးသီရိမော်(ဘ)ဦးဝင်းမော် ၇/တငန(နိုင်)၁၀၄၉၁၇ ပိုင်ဆိုင်သော မြေကွက်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် အဆောက်အအုံအပါ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများ နှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်မြမာလာ(LL.B)**

**အထက်တန်းရှေ့နေ(စဉ်–၅၃၉၉၄)**

**အမှတ်(၃၂၇၃)၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း–၀၉–၄၀၀၄၂၉၅၉၇၊ ၀၉–၆၉၃၀၀၉၅၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

